# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း

၂၀၁၈



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ရခိုင်ပြည်နယ် မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် ဒေသကိုယ်စားပြု ဘက်စုံသုံးအဆောက်အဦ (Community Hall)များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းပေါ်ရှိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း(မြေထိန်းနံရံပါ)အဖြစ် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူလူထု သွားလာမှု အဆင်ပြေစေရန်နှင့် ကားကြပ်တည်းမှုများ လျော့ပါးစေရန်အတွက် Inner Ring Road ပြုလုပ်ရန် အစီအစဉ်ကို မည်သို့စီမံကိန်းချပြီး ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ မြောင်းတော်ကျေးရွာမှ မြင်တောင်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာသို့ ဆက်သွယ်သွားလာသော ကျေးလက်ဇော်ဂျီမြစ်ချောင်းကူး ဆင်သေ (၅၉ ပေ x ၁၄ ပေ x ၁၇ ပေ) တံတားကို အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | အမြန်လမ်းများ၊ ပြည်နယ်ချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းနှင့် ကျေးရွာချင်း ဆက်လမ်း လမ်းဟောင်းများ ပြင်ဆင်ရာတွင်လည်းကောင်း၊ လမ်းသစ်များ ဖောက်လုပ်ရာတွင် လည်းကောင်း နိုင်ငံတကာအဆင့် အရည်အသွေးရှိလမ်းများကဲ့သို့စနစ်ကျပြီး ကုန်ကျစရိတ်သက်သာစေရန် လမ်းဒီဇိုင်းပြင်ဆင်ခြင်းနှင့် လမ်းကြောင်းကို ဖြောင့်တန်းစွာ ဖောက်လုပ်သွားရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | လှိုင်သာယာမြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ လမ်းဆုံ၊ မီးပွိုင့်ဧရိယာများအတွင်း ယာဉ်ရပ်နား မှုမရှိစေရန်အတွက် ယာဉ်မရပ်ရသတ်မှတ်သည့် | ၂၂ |

ဆေးဖြူ၊ ဆေးနီ ကတ်တုံးများနှင့် လူသွားစင်္ကြံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၁ ဦးကျော်ဆွေဝင်း၊ ကော့မှူးမဲဆန္ဒနယ်က ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းတွင် BOT (Build, Operate, Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြ ခြင်းရှိ/မရှိစိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှု များပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလာစေရေး စီမံခန့်ခွဲထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့် PPP (Private-Public Partnership) ပြည်သူ့ဝန်ဆောင်မှု စနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၂၄

၁၂ ဦးကျော်ဆွေဝင်း၊ ကော့မှူးမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၃၁

၁၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း ၃၂

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၄၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၃၀–၇–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ် မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် ဒေသကိုယ်စားပြု ဘက်စုံသုံး အဆောက်အဦ (Community Hall) များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ င/မန်းရဲကျွန်း ပေါ်ရှိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း(မြေထိန်းနံရံပါ) အဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ပြည်သူလူထု သွားလာမှုအဆင်ပြေစေရန်နှင့် ကား ကြပ်တည်းမှုများ လျော့ပါးစေရန်အတွက် Inner Ring Road ပြုလုပ်ရန် အစီအစဉ်ကို မည်သို့ စီမံကိန်းချပြီး ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ မကျီးကုန်း ကျေးရွာအုပ်စု၊ မြောင်းတော်ကျေးရွာမှ မြင်တောင်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာသို့ ဆက်သွယ်သွားလာသော ကျေးလက်ဇော်ဂျီ မြစ်ချောင်းကူး ဆင်သေ(59'x14'x17') တံတားကို အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **အမြန်လမ်းများ၊ ပြည်နယ်ချင်း ဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းနှင့် ကျေးရွာချင်းဆက်လမ်း လမ်းဟောင်းများ ပြင်ဆင်ရာတွင် လည်းကောင်း၊ လမ်းသစ်များ ဖောက်လုပ်ရာတွင်လည်းကောင်း နိုင်ငံတကာအဆင့် အရည်အသွေးရှိ လမ်းများကဲ့သို့ စနစ်ကျပြီး ကုန်ကျစရိတ် သက်သာစေရန် လမ်းဒီဇိုင်းပြင်ဆင်ခြင်းနှင့် လမ်းကြောင်းကို ဖြောင့်တန်းစွာဖောက်လုပ်သွားရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ လမ်းဆုံ၊ မီးပွိုင့် ဇရိယာများအတွင်း ယာဉ်ရပ်နားမှုမရှိစေရန်အတွက် ယာဉ်မရပ်ရ သတ်မှတ်သည့် ဆေးဖြူ၊ ဆေးနီ ကတ္တုံးများနှင့် လူသွားစင်္ကြံများဆောင်ရွက်ပေးရန်**

**အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်က **"ပြည်ထောင်စု မြန်မာနိုင်ငံ တစ်ဝန်းတွင် BOT (Build, Operate, Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက် ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်း ရှိ၊ မရှိ စိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှု မရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာလာစေရေး စီမံခန့်ခွဲ ထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်– ပုဂ္ဂလိက ပူးပေါင်းသည့် PPP (Private-Public Partnership) ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက **"စားသုံးသူ ကာကွယ်ရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက

အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက တင်သွင်းသည့် **“ စားသုံးသူကာကွယ်ရေးဥပဒေကြမ်း ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## တတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၉၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊
(၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၃) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၂ ရက်၊
(၄) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၅ ရက်၊
(၅) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊
(၆) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၁ ရက်၊
(၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၅ ရက်၊
(၈) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၅ ရက်၊
(၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၅ ရက်၊
(၁၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊
(၁၁) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၁၂) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၁၃) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၁၄) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊
(၁၅) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၁၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၁၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၈) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊

(၁၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊
(၂၀) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊
(၂၁) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းသန်းလင်း ခွင့် ၅ ရက်၊
(၂၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၂၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၂၄) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊
(၂၅) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊
(၂၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၂၇) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်၊
(၂၈) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၂၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်၊
(၃၀) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၃ ရက်၊
(၃၁) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဋ္ဌေး ခွင့် ၅ ရက်၊
(၃၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁၇ ရက်၊
(၃၃) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊
(၃၄) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ခွင့် ၁ ရက်၊
(၃၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ခွင့် ၅ ရက်
(၃၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် ခွင့် ၅ ရက်နှင့်
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြု ထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## ရခိုင်ပြည်နယ် မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် ဒေသကိုယ်စားပြု ဘက်စုံသုံးအဆောက်အဦ (Community Hall)များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ သာလီစွပါ။ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံရေးအခြေအနေအရ၊ ပြီးတော့ ကျွန်တော်တို့ဒေသရဲ့လိုအပ်ချက်တွေအပေါ်မှာအခြေခံပြီးတော့ ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ လက်ရှိမှာ ပြည်သူကို ဗဟိုပြုတဲ့နိုင်ငံရေးစနစ်ဆီကို ကျွန်တော်တို့သွားနေကြတာဖြစ်တဲ့ အတွက် အာဏာသုံးရပ်လုံးမှာရှိတဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးပါတီက ပုဂ္ဂိုလ်တွေ၊ နောက်ပြီးတော့ NGO၊ CSO ပုဂ္ဂိုလ်တွေအားလုံးဟာ နိုင်ငံရဲ့အဓိက မူရင်းအာဏာရှင်တွေဖြစ်တဲ့ ပြည်သူတွေဆီကို အခါအားလျော်စွာသွားရောက်ပြီးတော့ တွေ့ဆုံဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ၊ ပညာပေးလုပ်ငန်း တွေ လုပ်ကြရပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ဒေသဘက်တွေမှာ အခက်အခဲ တစ်ခုရှိတာက နိုင်ငံအတွက် ဘယ်လောက်ပဲ အရေးကြီးတဲ့အခမ်းအနားပဲဖြစ်ဖြစ် လုပ်တဲ့အခါမှာ အဆောက်အဦ၊ နေရာအခင်းအကျင်းတွေဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဘုန်းကြီးကျောင်း တွေဆီကို သွားကြရတယ်။ စာသင်ကျောင်းတွေဆီကိုသွားကြတယ်။ တစ်ခါတစ်ခါမှာ နိုင်ငံရဲ့ ဂုဏ်သိက္ခာအရ မဖြစ်သင့်တဲ့ အနေအထားတွေနဲ့ လမ်းဘေးဝဲ/ယာတွေမှာ လုပ်ကြရတဲ့အနေအထား တွေ ကျွန်တော်တို့ဘက်တွေမှာ အများကြီးရှိနေကြဆဲ ဖြစ်ပါတယ်။ အဲဒီအတွက် ကျေးရွာအုပ်စုတိုင်းမှာ မလုပ်ပေးနိုင်ရင်တောင်မှ ဒေသတစ်ခုကို ကိုယ်စားပြုတဲ့ကျေးရွာအုပ်စုကြီးတွေမှာ Community Hall တွေဟာ အရေးတကြီးလိုအပ်လျက်ရှိပါတယ်။ နောက်တစ်ခုက လူ့စွမ်းအားအရင်းအမြစ်တွေကို တည်ဆောက်တဲ့အခါမှာ ကျန်းမာကြံ့ခိုင်တဲ့ပြည်သူတွေဖြစ်ဖို့အတွက် ဆေးခန်းတွေ၊ ဆေးရုံတွေ လိုအပ်သလိုပဲ အားကစားခန်းမတွေလည်း လိုအပ်ပါတယ်။ ကျွန်တော်တို့ဒေသတွေမှာ အထူးသဖြင့် နယ်ဘက်တွေမှာ အားကစားကွင်းဆိုလို့ သတ်သတ်မှတ်မှတ်မရှိပါဘူး။ ဆိုတော့ အဲဒီအားကစားကို စိတ်ဝင်စားတဲ့လူငယ်အတွက်လည်းပဲ ဒီ Community Hall တွေဟာ ဒီအခက်အခဲတွေကို ဖြေရှင်းတဲ့ နေရာမှာ အထောက်အကူပြုမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

နောက်တစ်ခုက နိုင်ငံတည်ဆောက်ရေးမှာ အရေးကြီးတဲ့ လူငယ်တွေ စွမ်းရည်မြှင့်သင်တန်း တွေ ပေးကြတယ်။ Formal Education နဲ့ အဆက်ပြတ်သွားတဲ့လူငယ်တွေ Informal Education နဲ့

သွားနေကြတယ်။ Non Formal Education နဲ့သွားနေကြတဲ့လူငယ်တွေအတွက် သင်တန်းပေးမယ့် ဆရာတွေရှိတယ်။ သင်တန်းတက်မယ့်လူငယ်တွေရှိတယ်။ အခက်အခဲက နေရာထိုင်ခင်းတွေ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ဒီ Community Hall တွေဟာ အများကြီးအသုံးဝင်မယ်လို့ ကျွန်တော် ယူဆပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့လူ့အဖွဲ့အစည်းတွေဟာ ပွဲလမ်းသဘင်တွေများတဲ့ လူ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ၁၂ လရာသီပွဲတော်တွေနဲ့ ရှိနေတဲ့လူ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဘာသာရေးကို အခြေခံတဲ့ပွဲတွေရှိတယ်။ လူမှုရေးကို အခြေခံတဲ့ပွဲတွေရှိတယ်။ နောက်ပြီးတော့ အစဉ်အလာပွဲတွေကို ကျင်းပတဲ့အခါမှာ ကွင်းပြင်တွေမှာကျင်းပလို့ရတဲ့ပွဲတွေရှိတယ်။ တချို့မဏ္ဍပ်ကနားတွေထိုးပြီးတော့ လုပ်ကြတဲ့ပွဲတွေရှိပါတယ်။ ဆိုတော့ အချိန်ကုန်တယ်။ ရာသီဥတုအခြေအနေကြောင့် ပျက်သွားတဲ့အချိန်မျိုးတွေလည်း အများကြီးရှိတယ်ဆိုတော့ ဒီ Community Hall တွေဟာ ဒီလို လိုအပ်ချက်တွေကိုလည်းပဲ အများကြီးအထောက်အကူပြုမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ခုက အရေးကြီးဆုံးက Disaster တွေဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာမှာ Disaster အများဆုံး ဖြစ်နိုင်ခြေရှိတဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ ဖြစ်လည်းဖြစ်နေပါတယ်။ ဆိုတော့ Disaster ဖြစ်တဲ့အခါမှာ အရေးကြီးဆုံးက ဒုက္ခရောက်နေတဲ့လူတွေ ခိုလှုံမယ့်နေရာ အခက်အခဲတွေ ရှိပါတယ်။ အဲဒီ Disaster ဖြစ်မှ နေရာထိုင်ခင်းတွေလုပ်ပေးရတယ်ဆိုရင် အသက်အိုးအိမ်ဆုံးရှုံးမှုတွေများမယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေဟာလည်း အလဟဿကုန်သွားတာတွေ ရှိတယ်ဆိုတော့ ဒါလေးတွေကို ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ Community Hall တွေဟာ Disaster ဖြစ်တဲ့အခါမှာလည်းပဲ အများကြီး ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်တဲ့နေရာမှာ အများကြီးအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော့်မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်ရှိ မြို့နယ်များမှာ ကျေးရွာအုပ်စုကြီးတွေမှာ ဒေသကိုယ်စားပြုဘက်စုံသုံးအဆောက်အဦ Community Hall တွေကို လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ ထည့်သွင်းရေးဆွဲပေးနိုင်ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း၏ ရခိုင်ပြည်နယ်၊ မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများမှာ ဒေသကိုယ်စားပြု ဘက်စုံသုံးအဆောက်အဦ Community Hall များ တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ထိုသို့ဖြေကြားရာမှာ ကျွန်တော်တို့အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ထားချက်များကိုလည်း ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာ တည်ရှိ နေတဲ့အတွက် မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်တွေ့ကြုံခံစားနေရတဲ့ဒေသဖြစ်ပြီး မုန်တိုင်းဒဏ်ခံ ခိုလှုံရာ အဆောက်အဦများကို ပြည်နယ်တစ်ခုလုံးရဲ့လိုအပ်ချက်အပေါ်မှာမူတည်ပြီး ဆောက်လုပ်ပေးနိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါဘက်စုံသုံးအဆောက်အဦများဟာ ပြည်သူများဘေးကင်း ခိုလှုံရာ နေရာအဖြစ်လည်းကောင်း၊ စာသင်ကျောင်းအဖြစ်လည်းကောင်း အသုံးပြုခြင်း၊ လူမှုရေး အခမ်းအနားနှင့် ကျန်းမာရေးစောင့်ရှောက်မှုစင်တာ နေရာအဖြစ်လည်းကောင်း၊ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း သတင်းအချက်အလက်စင်တာများ၊ လူငယ်စင်တာများစသဖြင့် ဘက်စုံအသုံးပြုဆောင်ရွက်နိုင်ပြီး ရခိုင်ပြည်နယ်အတွင်း မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများမှာ လိုအပ်လျက်ရှိနေပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ပြည်သူများအတွက် အသုံးဝင်တဲ့ဘက်စုံသုံးအဆောက်အဦများ ဆောက်လုပ်လျက်ရှိရာမှာ ဆောက်လုပ်ပြီးစီးမှု ၂၄ လုံးရှိပြီး ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ရန် ကျန် ၃၀ လုံးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထောက်ပံ့ငွေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူဆောက်လုပ်နေဆဲ လေးလုံးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေက တင်ဒါစနစ်ဖြင့် ၂၆ လုံးဆောက်လုပ်သွားပေးမှာ ဖြစ်ပါတယ်။ ယခုနှစ်အတွင်းမှာ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်လေးခုဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ၅၇ လုံး၊ ရခိုင်ပြည်နယ်မှာ ၂၆ လုံး၊ ရှမ်းပြည်နယ်မှာ တစ်လုံး၊ ချင်းပြည်နယ်တွင် သုံးလုံး စုစုပေါင်း Shelter ၈၇ လုံး ဆောက်လုပ်ပေးနိုင်ရေးအတွက်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါစနစ်ဖြင့် ဆောင်ရွက်တဲ့အခါ ယခုအခါ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လုပ်ငန်းအပ်နှံရေးဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွက် တင်ဒါအောင်မြင်ပြီးတဲ့ Shelter ၂၆ လုံး ဆောက်လုပ်ပြီးစီးမယ်ဆိုရင် ရခိုင်ပြည်နယ်အတွက် Shelter ၅၄ လုံး ရှိလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ပိုမိုကျရောက်လွယ်သော မြို့နယ် ၁၁ မြို့နယ်၊ ကျေးရွာ ၅၄ ရွာတို့မှာ အမှန် တကယ်လိုအပ်၍ ဆောက်လုပ်ထားရှိတဲ့ Cyclone Shelter များ၌ ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်တွင်ပါရှိတဲ့ ကျေးလက်နေပြည်သူတို့အတွက် လိုအပ်လျက်ရှိတဲ့ ဒေသကိုယ်စားပြုဘက်စုံသုံး အဆောက်အဦများအဖြစ် အသုံးပြုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘက်စုံသုံး Cyclone Shelter များကို Multi Purpose Shelter များကို သဘာဝဘေးအန္တရာယ်ပိုမိုကျရောက် လွယ်သောနေရာများမှာ အဓိကဦးစားပေး၍ ပြည်သူများ ဘေးကင်းခိုလှုံရာနေရာအဖြစ် အရေးပေါ်အသုံးပြုနိုင်ရန် ရန်ပုံငွေရရှိမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်

ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ခွင့်ပြုချက်အရ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆောက်လုပ်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန်လျာထားတဲ့ Shelter ၅၄ လုံးကို မြေပုံနှင့်တကွ တင်ပြနိုင်ရေး Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ တင်ပြပါ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် အနီရောင်ခြယ်သထားတဲ့ ဘူးသီးတောင်၊ ကျောက်တော်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ သံတွဲ၊ ဂွ စတဲ့ မြို့နယ်ခြောက်မြို့နယ်ကတော့ Shelter လျာထားဆောက်လုပ်ထားခြင်းမရှိသေးတဲ့မြို့နယ်များဖြစ်ပြီး အစိမ်းရောင်များဖြင့် ခြယ်သထားတဲ့ မြို့နယ် ၁၁ မြို့နယ်ကတော့ Cyclone Shelter ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ရန်လျာထားတဲ့မြို့နယ်များဖြစ်ပါတယ်။ လိမ္မော်ရောင်အဝိုင်းစက်များဖြင့် တင်ပြထားတာကတော့ ရခိုင်ပြည်နယ်အတွင်း ဆောက်လုပ်ပြီး Shelter ၂၄ လုံးဖြစ်ပါတယ်။ အဝါရောင်တြိဂံအစက်ဖြင့် တင်ပြထားချက်ကတော့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်မယ့် Shelter ၂၆ လုံးအနက် ဆောက်လုပ်ဆဲ Shelter ငါးလုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆောက်လုပ်ဆဲ Shelter လေးလုံးပဲ ဖြစ်ပါတယ်။ အပြာရောင်လေးထောင့်အစက်ဖြင့် တင်ပြချက် ကတော့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်မယ့် Shelter ၂၆ လုံးအနက် ဆက်လက်ဆောက်လုပ်မယ့် Shelter ၁၁ လုံးဖြစ်ပါတယ်။ ဒီ Shelter ၅၄ လုံး ဆောက်လုပ်ပြီးချိန်တွင်မှာလည်း သဘာဝဘေးလျော့ပါးရေးအတွက်ထပ်မံပြီးတော့မှ လိုအပ်ချက်တွေ တွေ့ရှိပါကလည်း ရခိုင်ပြည်နယ်အစိုးရနှင့်ညှိနှိုင်းပြီး ဒေသကိုယ်စားပြုဘက်စုံသုံးအဆောက်အဦများကို နှစ်အလိုက်ဆက်လက်ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေရှင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းပေါ်ရှိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း(မြေထိန်းနံရံပါ)အဖြစ် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့တင်ပြမေးမြန်းမှာကတော့ မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းပေါ်ရှိ ကျေးရွာချင်းဆက်လမ်းအား လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း(မြေထိန်းနံရံပါ)အဖြစ် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့ ၃ လပိုင်းကတည်းက မေးမြန်းထားတာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာပါနိုင်အောင်ဆိုပြီးတော့ အဌမပုံမှန်အစည်းအဝေးမှာမေးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုမှပဲ ကျွန်တော်တို့ မေးခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဒီဘတ်ဂျက်မှာမပါပေမဲ့လည်း ဝန်ကြီးဌာနအနေနဲ့ အကောင်းဆုံးလုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

Power Point သုံးခွင့်ပြုပါခင်ဗျား။ မြေပုံမြို့နယ်ဟာ ကျွန်းပေါင်း ၁၀၀ ကျော်နဲ့ဖွဲ့စည်းထားတဲ့ မြို့နယ်ဖြစ်ပါတယ်။ ရေလမ်းကိုပဲ အားကိုးနေရပါတယ်။ တစ်နည်းအားဖြင့် ရွာချင်းဆက်လမ်းတွေ ဆက်သွယ်ဖို့ဖောက်လုပ်ဖို့ဆိုရင်တောင်မှ တော်တော့်ကိုအခွင့်အခါကောင်းလို့ ဖောက်လုပ်ခွင့်ရနိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ မိုးရာသီ သဘာဝရာသီဥတုဖောက်ပြန်တဲ့အခါမှာ တော်တော့်ကို အန္တရာယ်များပါတယ်။ လှိုင်းကြီးပြီးတော့သွားတဲ့အတွက်ကြောင့် ရေလမ်းကိုပဲ ကျွန်တော်တို့ အဓိက အားကိုးနေရတဲ့အချိန်မျိုးမှာ ဒီလိုကျေးရွာချင်းဆက်လမ်းတွေ ပေါ်ပေါက်လာမယ်ဆိုရင် ကျွန်တော့် အနေနဲ့ အထူးပဲ ဒေသခံတွေနဲ့ ဝမ်းသာပျော်ရွှင်ရမှာဖြစ်ပါတယ်။ ဒီလိုသဘာဝလှိုင်းအန္တရာယ်တွေက တော်တော့်ကို ဆိုရွားပါတယ်။ ကျွန်တော်တို့ဒေသမှာ။ ဒါက ကျွန်တော်အခုတင်ပြမယ့် င/မန်းရဲကျွန်း ရွာချင်းဆက်လမ်း ဖြစ်ပါတယ်။ တစ်ဖက်ကမ်းကတော့ ကျွန်တော်တို့ မြေပုံမြို့ဖြစ်ပါတယ်။ အဲဒါကို ဒီလို ကတို့လှေတွေနဲ့ နေ့စဉ်ရက်ဆက် တစ်ဖက်ကမ်းကို ကူးနေရပါတယ်။ ဒီတစ်ဖက်ကမ်းကတော့ ကျွန်တော် အခုတင်ပြတဲ့ င/မန်းရဲကျွန်းလမ်းဖြစ်ပါတယ်။ အဲဒါက ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော် ရန်ပုံငွေနဲ့ လုပ်ခဲ့တဲ့ ဆိပ်ခံတံတားဖြစ်ပါတယ်။ ဒါပေမဲ့ မြေသားလမ်းတွေဟာ လှိုင်းကာ တွေမပါတဲ့အတွက်နဲ့ အကုန်လုံးပြောင်ပြီးပျက်စီးနေပါတယ်။ လမ်းတစ်လျှောက်မှာလည်း အဲဒီလို ပျက်စီးမှုပေါင်း များစွာကိုတွေ့ရပါတယ်။ ဒါကဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွေမှာ လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုချိန်အထိ ကျောက်စီလမ်းမဖြစ်သေးတဲ့အတွက်နဲ့ မြေသားတွေဟာ နှစ်နှစ်ကနေ ငါးနှစ်အတွင်းမှာ ပြန်ပြီးတော့ပျက်စီးသွားတာတွေရှိတယ်။ မြေသားပုံမမှန်တာတွေ ရှိတယ်။ ချိုင့်ခွက်တွေဖြစ်တာ မြေထိန်းနံရံမပါတဲ့အတွက် ကမ်းစပ်တွေပြိုကျတာတွေ ရှိနေပါတယ်။ ဒီလမ်းကို ကျောက်ခင်းလမ်းအဖြစ် အမြန်ဆုံးမလုပ်ပေးနိုင်ဘူးဆိုရင် ကျွန်တော့်အနေနဲ့ ဒါနိုင်ငံတော်ရဲ့ ဘဏ္ဍာတွေဟာ အလဟဿဖြစ်မှာစိုးလို့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုမြေသားလမ်းတွေဟာ နဂို လမ်းအတိုင်းဖြစ်သွားတာပဲ အများကြီးရှိပါတယ်။ ငါးနှစ်ဆိုတဲ့ ရာသီရတုပြင်းထန်မှုအောက်မှာ ဒီလို မြေသားလမ်းတွေဟာ နဂိုအတိုင်းဖြစ်သွားပါတယ်။ ဒါတွေကို လိုအပ်တဲ့နေရာမှာ ကျောက်စီနံရံတွေနဲ့ ထိန်းပြီးတော့ လုပ်နိုင်မယ်ဆိုရင်တော့ ဒါနိုင်ငံတော်ရဲ့ငွေတွေဟာ အကျိုးရှိရှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကတော့ မနှစ်က ၄ ဖာလုံ၊ ဇမိုင်နှင့် ၃ ဖာလုံ ရှိတဲ့လမ်းပါ။ မနှစ်က ၄ ဖာလုံ၊ မိုင်ဝက် ကျောက်ခင်းလမ်းစီခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် ဒီထက်တိုးပြီးတော့ လုပ်ပေးနိုင်မယ်ဆိုရင်တော့ အချိန်မီ ကျွန်တော်တို့ ဒီလမ်းဟာကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီလမ်းပေါ်မှာရှိတဲ့ မဟိုင်းမြစ်ကူးတံတားပါ။ ဒါလည်း ဒီလမ်းဖောက်ပြီးမှ ကျွန်တော် တို့လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချောက်စီတဲ့နေရာကို သွားပြီးတော့ ကြည့်ရှုတဲ့မြင်ကွင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဒီနှစ်မှာမဟုတ်ရင်တောင်မှ လာမယ့်နှစ်တွေမှာ ဒီလမ်းကို ကောင်းမွန်အောင် ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ နိုင်ငံတော်ဘဏ္ဍာတွေ အလဟဿ မဆုံးရှုံးရအောင် ဘယ်လိုလုပ်ပေးနိုင်မည်ဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းပေါ်ရှိ ကျေးရွာချင်းဆက်လမ်းအား လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း(မြေထိန်းနံရံပါ)အဖြစ် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းပေါ်ရှိ ကြက်ရေကြီး-ဝကောက်ကြီး-လွှန်းလုံးပိုက်ကျေးရွာချင်းဆက်လမ်း အရှည် ၇ မိုင် ၆ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လမ်း၏ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း ၄ ဖာလုံ၊ မြေသားလမ်း ၇ မိုင် ၂ ဖာလုံ စုစုပေါင်း ၇ မိုင် ၆ ဖာလုံရှိပြီးတော့ လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့်(၁)လမ်းဖြစ်ပါတယ်။ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၂၇၄ အိမ်နှင့် လူဦးရေပေါင်း ၅၆၀၀ ခန့်အား တိုက်ရိုက်အကျိုးပြုမှာဖြစ်ပါတယ်။

အဆိုပါမြေသားလမ်း ၇ မိုင် ၂ ဖာလုံအနက် ၆ မိုင် ၅ ဖာလုံအား ဂျပန်နိုင်ငံချေးငွေ အကူအညီဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ရန် စီစဉ်လျာထားပြီးဖြစ်ပါတယ်။ လမ်းပိုင်းတစ်လျှောက် ဒီရေလှိုင်းရိုက်ခတ်၍ မြေသားတာပေါင်များ ပြိုကျပျက်စီးမှုကို ကာကွယ်နိုင်ရန်အတွက် ကျောက်စီမြေထိန်းနံရံ ၁ မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အိန္ဒိယနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၂ လ ရန်ပုံငွေတွင်လည်း ကျောက်ချောလမ်း ၂ မိုင် ၄ ဖာလုံဆောင်ရွက်နိုင်ရန်အတွက် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူလူထု သွားလာမှုအဆင်ပြေစေရန်နှင့် ကားကြပ်တည်းမှုများ လျော့ပါးစေရန်အတွက် Inner Ring Road ပြုလုပ်ရန် အစီအစဉ်ကို မည်သို့စီမံကိန်းချပြီး ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အတွင်း လာရောက်လေ့လာသော ဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီးအခြေအနေ ယာဉ်ကြောပိတ်ဆို့မှု၊ ကျပ်တည်းမှု

လျော့ပါးစေရေးအတွက် မေးခွန်းကိုမေးမြန်းမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရန်ကုန်မြို့ ကမ်းနားလမ်းမှာ လက်ရှိဖြစ်ပေါ် နေတဲ့ ယာဉ်ကြောပိတ်ဆို့မှုများအခြေအနေသိရှိနိုင်ရန် Power Point ပြသခြင်းဖြစ်ပါတယ်။ ဒါကတော့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းပဲတန်း၊ ကျောက်တံတား၊ လမ်းမတော် တောက်လျှောက် ဗိုလ်တစ်ထောင် ဆက်သွယ်ထားတဲ့လမ်းမကြီးမှာ နေ့စဉ်နဲ့အမျှ ယာဉ်ကြောပိတ်ဆို့နေတာဖြစ်ပါတယ်။ ဒါကတော့ အနော်ရထာလမ်းမှာ နေ့စဉ်နေ့တိုင်း ကားကျပ်တည်းပြီး ယာဉ်ကြောပိတ်ဆို့နေတာ ဖြစ်ပါ တယ်။ ဒါကတော့ ဆူးလေဘုရားလမ်းမှာ YBS ဘတ်စ်ကားကြီးတွေနဲ့ကားတွေ ညပိုင်းအထိ ယာဉ်ကြောပိတ်ဆို့နေတဲ့ပုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ အိမ်နီးချင်းနိုင်ငံများမှာ မြို့ပြလူနေမှုဟာ တစ်နေ့တခြားတိုးတက်လာတာနှင့်အမျှ ကျွန်တော်တို့ရဲ့ Living Standard ဟာ လည်း မြင့်လာတဲ့အတွက် ကားတွေအသုံးပြုလာပါတယ်။ အသုံးပြုလာတဲ့အတွက် အိမ်နီးချင်းနိုင်ငံ များမှာ ကားကျပ်တည်းမှုကို ကျွန်တော်တို့ ဒီလိုလမ်းတွေနဲ့ နှစ်ထပ်လမ်းတို့၊ အမြန်လမ်းတို့ Inner Ring Road တို့၊ Outer Ring Road တို့နဲ့ ဖြေရှင်းနေတာ တွေ့ရှိရပါတယ်။ ဒါကတော့ ယာဉ်ကြောကျပ်တည်းမှုလျော့ပါးစေရန် အမြန်လမ်းနဲ့ ရိုးရိုးလမ်းနဲ့ကို ပိုင်းခြားပြီးတော့ ဆက်သွယ် တည်ဆောက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကလည်း ဒီလိုပါပဲ။ လမ်းဆုံလမ်းခွတွေဆိုလည်း ယာဉ်ကျပ်တည်းမှုမရှိစေရန် တံတားများနဲ့တည်ဆောက်ပြီးတော့ လမ်းများကို တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း အလားတူပုံစံ ကျွန်တော်ပြသခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းမေးမြန်းလိုတဲ့အကြောင်းအရာကတော့ ကျွန်တော်တို့ ရန်ကုန် တိုင်းဒေသကြီးအတွင်းမှာ ပြည်သူလူထုတွေ သွားလာမှုအဆင်ပြေရန်နှင့် ကားကျပ်တည်းမှုများ နေ့စဉ်နေ့တိုင်း ကြုံတွေ့နေရပါတယ်။ ကားကျပ်တည်းမှုများလျော့ပါးစေရန်အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ Inner Ring Road ပြုလုပ်ရန် အစီအစဉ်ရှိသည်ကို ကျွန်တော်တို့ သိရှိရပါတယ်။ Inner Ring Road ကို မည်ကဲ့သို့အစီအမံချပြီး လုပ်ဆောင်နေသလဲ။ ဘယ်အချိန်မှာစမလဲ။ နောက်ပြီးတော့ ဘယ်အချိန်မှာ ပြီးဆုံးအောင်လုပ်မလဲ။ ပြီးတော့ ခိုင်ခံ့ပြီးတော့ အရည်အသွေး Quality ကောင်းမွန်သောလမ်းမများဖြစ်စေရန် မည်ကဲ့သို့ စီမံဆောက်လုပ်နေသည်ကို သိရှိလိုပါ သဖြင့် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူလူထု သွားလာမှုအဆင်ပြေစေရန်နှင့် ကားကျပ်တည်းမှုများ လျော့ပါးစေရန်အတွက် Inner Ring Road ပြုလုပ်ရန် အစီအစဉ်ကို မည်သည့်အချိန်တွင် စတင် လုပ်ဆောင်၍ မည်ကဲ့သို့စီမံကိန်းချပြီး ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ရှင်းလင်းဖြေကြားချက်နှင့် ဆောက်လုပ်ရေး

ဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းလုပ်ငန်းအခြေအနေနှင့်ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်မြို့ရဲ့ မော်တော်ကားလမ်းများအနေဖြင့် ယခုအချိန်အခါမှာဆိုရင် Traffic Jam များဖြစ်ပေါ်လျက်ရှိပြီး တစ်နေရာမှတစ်နေရာသို့သွားလာရန်နှင့် မြို့တွင်းမှမြို့ပြင်သို့ထွက်ရန်အတွက် အချိန်တစ်နာရီကျော်လောက်ပေးနေရပြီးတော့ မော်တော်ယာဉ်များတိုးတက်လာနေတဲ့အတွက် ပြည်သူလူထုရဲ့အချိန်တွေဟာ မလိုလားအပ်ဘဲ ကားပေါ်မှာပဲ ကုန်ဆုံးလျက်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ ဒီအခြေအနေကို ဖြေရှင်းနိုင်ဖို့အတွက် ရန်ကုန် Inner Ring Road Plan ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ပဏာမအဆိုပြုတင်ပြလာခဲ့ပါတယ်။ အဆိုပါတင်ပြချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ World Bank Group အဖွဲ့ဝင်ဖြစ်တဲ့ International Finance Corporation(IFC) အဖွဲ့အစည်းကို Consultant အဖြစ်ငှားရမ်း၍ အဆိုပါ Yangon Inner Ring Road ကို အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် IFC တို့သည် ၁၁-၁-၂၀၁၈ ရက်နေ့တွင် Formal Advisory Services Agreement စာချုပ် လက်မှတ်ရေးထိုးခဲ့ပြီးတော့ စာချုပ်အရ IFC သည် Yangon Inner Ring Road ဖြစ်သည့် ရန်ကုန်မိုးပျံအမြန်လမ်းမကြီးကို အသုံးပြုသည့်နိုင်ငံ၊ သုံးစွဲမည့်ပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အကြား အကျိုးရှိအဆင်ပြေမည့် ရင်းနှီးမြှုပ်နှံမှုပုံစံတစ်ခုကို ရှာဖွေပေးရမှာဖြစ်ပါတယ်။ ထိုပုံစံအရ အကောင်းဆုံးရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်နိုင်မည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ရွေးချယ်ပေး၍ မိုးပျံအမြန်လမ်းမကြီးကို အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် IFC အဖွဲ့အစည်းတို့သည် စီမံကိန်းနှင့်သက်ဆိုင်သည့် အင်ဂျင်နီယာပိုင်း၊ ဘဏ္ဍာရေးအပိုင်းတို့၏ အသေးစိတ်ဖြစ်နိုင်စွမ်းလေ့လာမှု Detailed Feasibility Study ကို ဆောင်ရွက်နိုင်ရန် Technical and Engineering Consultant အဖြစ် KDEC နှင့် Nippon Koei တို့ပါဝင်တဲ့ Consortium Engineering Consultant ဖြင့် ညှိနှိုင်းစီစဉ်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းရင်းနှီးမြှုပ်နှံမှုအတွက် PPP စာချုပ်ပုံစံဖြစ်သည့် Concessional Agreement အတွက် Legal Consultant အဖြစ် VDB Loi နှင့် Jones Day Law Firm တို့ကို ငှားရမ်းပြီးတော့ နိုင်ငံတကာပုံစံဥပဒေစာချုပ်ဖြစ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အထက်ပါ ဆောင်ရွက်ချက်များဖြင့် ရင်းနှီးမြှုပ်နှံမှုရွေးချယ်ရေးလုပ်ငန်းစဉ်အဆင့်တိုင်း၊ ရွေးချယ်မှုတိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးနှင့် ပြည်တွင်းပြည်ပသတင်းထုတ်ပြန်နိုင်ရေးအတွက် Communication Consultant အနေနဲ့ဖြင့် Echo Myanmar Media ကို ငှားရမ်းတာဝန်ပေးထားပြီး ဖြစ်ပါတယ်။ ကျွန်တော်အထက်မှာ တင်ပြခဲ့တဲ့ စီမံကိန်းလုပ်ငန်းအတွက် ငှားရမ်းထားတဲ့ ကုမ္ပဏီများအနေဖြင့် တိုင်းတာခြင်း၊ တွက်ချက်ခြင်း၊ သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းသည် ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်မှစတင်၍ ဘိုတစ်ထောင်ဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်လမ်း၊ မြောက်ဥက္ကလာလမ်း၊ ခရေပင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ဘုရင့်နောင်လမ်း၊ ကြည့်မြင်တိုင်လမ်းတို့ကို ဖြတ်သန်းပြီးတော့ ပန်းလှိုင်လမ်းထောင့်မှာဆုံးမယ့် စီမံကိန်းဖြစ်ပါတယ်။ မိုးပျံလမ်းမကြီးတစ်ခုလုံးရဲ့အရှည်သည် ၄၇ ကီလိုမီတာခန့်ရှိမှာဖြစ်ပါတယ်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း၏ Phrase(1)အဖြစ် ဗိုလ်တစ်ထောင်ဘုရားလမ်းထိပ်မှ မင်္ဂလာဒုံခရေပင်လမ်းဆုံအထိကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီး စီမံကိန်းလုပ်ငန်း ပထမအဆင့်အနေဖြင့် ၁၈-၅-၂၀၁၈ ရက်နေ့တွင် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ Expression of Interest ကို တင်သွင်းရန် နိုင်ငံတော်ပိုင်သတင်းစာများမှာ ကြော်ငြာခဲ့ပြီးတော့ ၂၉-၆-၂၀၁၈ ရက်နေ့မှာ တင်ဒါပိတ်ခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ နောက်ဆုံးနေ့အထိ ပြည်တွင်းနှင့်နိုင်ငံတကာကုမ္ပဏီ၊ အဖွဲ့အစည်း စုစုပေါင်း ၅၃ ခုမှ စိတ်ဝင်စားမှုလျှောက်လွှာ EOI တင်ပြခဲ့ပြီးတော့ မြန်မာနိုင်ငံမှကုမ္ပဏီ ၁၆ ခု၊ တရုတ်နိုင်ငံမှကုမ္ပဏီ ၁၃ ခု၊ ဂျပန်နိုင်ငံမှကုမ္ပဏီ ခုနစ်ခု၊ ကိုရီးယားနိုင်ငံမှ ကုမ္ပဏီလေးခု၊ အိန္ဒိယနိုင်ငံမှ ကုမ္ပဏီသုံးခု၊ ထိုင်းနိုင်ငံမှကုမ္ပဏီနှစ်ခု၊ တူရကီနိုင်ငံမှ ကုမ္ပဏီနှစ်ခု၊ မလေးရှားနိုင်ငံမှကုမ္ပဏီနှစ်ခုနှင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့်ပြင်သစ်တို့မှ ကုမ္ပဏီတစ်ခုစီ ပါဝင်ခဲ့ပြီးတော့ စုစုပေါင်း နိုင်ငံ ၁၂ နိုင်ငံမှ ကုမ္ပဏီ ၅၃ ခုက EOI တင်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းဒုတိယအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် Request for Qualification ကို ခေါ်ဆိုသွားမည်ဖြစ်ပြီးတော့ RFQ အောင်မြင်သွားတဲ့ ကုမ္ပဏီများကို စီမံကိန်းတတိယအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် Request for Proposal ကို ဆက်လက်ခေါ်ယူသွားမှာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ဖြစ်သည့် Bidder Winning Award and Contracting ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်သွားမှာဖြစ်ပြီး နောက်ဆုံးအဆင့်ဆောင်ရွက်ပြီး သည်နှင့်တစ်ပြိုင်နက်တည်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်မှာတင်ပြသွားခဲ့တဲ့အတိုင်း စိစစ်ရွေးချယ်ခြင်းအဆင့်ဆင့်ကို စနစ်တကျဆောင်ရွက်သွားမှာဖြစ်ပြီးတော့ နောက်ဆုံးပိတ်အောင်မြင်တဲ့ကုမ္ပဏီ အနည်းဆုံးတစ်ဖွဲ့ သို့မဟုတ် အများဆုံးလေးဖွဲ့အတွင်းမှ အတည်ပြုရွေးချယ်ပြီးတော့ ၂၀၁၉ ခုနှစ် အစပိုင်းမှာပဲ Inner Ring Road ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့်အချိန်မှစပြီးတော့ သုံးနှစ်အတွင်းမှာ အပြီးတည်ဆောက်သွားမှာဖြစ်ပြီးတော့ ဒီစီမံကိန်းလုပ်ငန်းကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်သွားမှာမဟုတ်ဘဲနဲ့ နိုင်ငံတကာကုမ္ပဏီများ၏ ကိုယ်ပိုင်အရင်းအနှီးဖြင့် ထည့်ဝင်ဆောင်ရွက်သွားစေမှာဖြစ်ပါတယ်။ ပြန်လည်ရရှိမည့်ငွေကြေးစနစ်ကတော့ Inner Ring Road ကိုအသုံးပြုသွားလာမည့်မော်တော်ယာဉ်များထံမှ လမ်းဖြတ်သန်းခကောက်ခံပြီး အရင်းကြေရန်နှင့် အကျိုးအမြတ်ရရန်တို့ကို စီမံဆောင်ရွက်သွားရမယ့်စနစ်ပဲဖြစ်ပါတယ်။ ဒီစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ လုပ်ငန်းစဉ်အဆင့်အလိုက် တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်

အသေးစိတ်အစီအစဉ်များကို တစ်ဆင့်ချင်းထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပါကြောင်း စီမံကိန်းလုပ်ငန်း၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အဖြေနှင့် ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ မြောင်းတော်ကျေးရွာမှ မြင်တောင်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာသို့ ဆက်သွယ်သွားလာသော ကျေးလက်ဇော်ဂျီမြစ်ချောင်းကူး ဆင်သေ (၅၉ ပေ x ၁၄ ပေ x ၁၇ ပေ) တံတားကို အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်အတွင်းရှိ မကျီးကုန်းကျေးရွာအုပ်စု မြောင်းတော်ကျေးရွာနှင့် မြင်တောင်ကျေးရွာအုပ်စု ဆင်သေကျေးရွာဆက်သွယ်သွားလာသော ဇော်ဂျီမြစ်ချောင်းကူးတံတား ဆင်သေ အလျား ၅၉ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၇ ပေတံတား ပြန်လည်အသစ်တည်ဆောက်ပေးနိုင်ရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ မြင်တောင်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာသည် အိမ်ခြေ ၂၁၈ အိမ်နဲ့ လူဦးရေ ၁၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ လယ်ဧက ၁၆၀၊ ယာစိုက်ဧက ၂၀၀၀ ကျော်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း အဓိကထားလုပ်ကိုင်ဆောင်ရွက်သော ကျေးရွာကြီးဖြစ်ပါတယ်။ အဓိကစိုက်ပျိုး သီးနှံများဖြစ်သော စပါး၊ ပြောင်း ပဲစင်းငုံ၊ သရက်စတဲ့ ဒေသထွက်ကုန်များကို မြို့ဈေးပွဲရုံများသို့ သယ်ပို့ရောင်းချရာတွင် ဇော်ဂျီချောင်းကူးတံတား ဆင်သေသည် အဓိကကုန်ထုတ်တံတားအဖြစ်သော် လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ အကျိုးရှိစွာအသုံးပြုလျက်ရှိသော ကျေးလက်တံတားဖြစ်ပါတယ်။ သို့သော်လည်း နှစ်စဉ်ပြုပြင်ပြီးတော့မှ သွားလာနေရပါတယ်။ ယခုအခါ ရေလည်တိုင် ယက်မ၊ မျောများ ကြံ့ခိုင်မှုအားနည်းလာပြီး အန္တရာယ်ရှိတံတားအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါ၍ အသစ်ပြန်လည်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ၂၀၁၄ ခုနှစ် ဧပြီလတွင်ကျင်းပသော ပထမအကြိမ် ဒသမပုံမှန်အစည်းအဝေးတွင် ဇော်ဂျီမြစ်ချောင်းကူးတံတား(ဆင်သေ) ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြခဲ့သော်လည်း ယနေ့အချိန်အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ် မကျီးကုန်းကျေးရွာအုပ်စု၊ မြောင်းတော်ကျေးရွာနှင့် မြင်တောင်ကျေးရွာအုပ်စု ဆင်သေကျေးရွာသို့ ဆက်သွယ်သွားလာသော ကျေးလက်ဇော်ဂျီမြစ် ချောင်းကူးတံတား (ဆင်သေ) အလျား ၅၉ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၇ ပေ တံတားကို အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာ အုပ်စု၊ မြောင်းတော်ကျေးရွာမှ မြင်တောင်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာသို့ ဆက်သွယ်သွားလာ သော ကျေးလက်ဇော်ဂျီမြစ်ချောင်းကူး ဆင်သေတံတားကို အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ မြောင်းတော်ကျေးရွာမှ မြင်တောင် ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာသို့ ဆက်သွယ်ထားသော ဇော်ဂျီချောင်းကူး-ဆင်သေတံတားသည် မြောင်းတော်-ကြာအင်းလမ်းမှတစ်ဆင့် ရပ်စောက်-ပင်းတယလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ဆင်သေ-မြောင်းတော်လမ်းပေါ်တွင် တည်ရှိသည့် သစ်သားတံတားဖြစ်ပါတယ်။ အဆိုပါတံတားအား ၂၀၁၁ ခုနှစ်တွင် ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာနှစ်ရွာ၊ အိမ်ခြေပေါင်း ၃၆၅ အိမ်၊ လူဦးရေ ၁၇၀၀ ခန့်ကို အကျိုးပြုသောတံတားဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ပျက်စီး ယိုယွင်းလျက်ရှိပြီးတော့ ပြန်လည်ပြုပြင်ဖို့လိုအပ်နေတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် မြောင်းတော် ကျေးရွာမှ ဆင်သေကျေးရွာသို့ ဆက်သွယ်ထားသော လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး-ဆင်သေတံတား အား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု မူလရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသဖြင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**အမြန်လမ်းများ၊ ပြည်နယ်ချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းနှင့် ကျေးရွာချင်း ဆက်လမ်း လမ်းဟောင်းများပြင်ဆင်ရာတွင်လည်းကောင်း၊ လမ်းသစ်များ ဖောက်လုပ်ရာတွင် လည်းကောင်း နိုင်ငံတကာအဆင့် အရည်အသွေးရှိလမ်းများကဲ့သို့စနစ်ကျပြီး ကုန်ကျစရိတ်သက်သာ စေရန် လမ်းဒီဇိုင်းပြင်ဆင်ခြင်းနှင့် လမ်းကြောင်းကိုဖြောင့်တန်းစွာ ဖောက်လုပ်သွားရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသူအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပါအတိုင်းပဲ။ ဒီနိုင်ငံတော်အဆင့် အရည်အသွေးရှိသော လမ်းများကဲ့သို့ စနစ်ကျပြီးကုန်ကျစရိတ်သက်သာစေရန် လမ်းဒီဇိုင်းများကို၊ လမ်းကြောင်းများကို ဖြောင့်တန်းစွာ ဖောက်လုပ်သွားရန်အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါ

တယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်းရခြင်းဖြစ်တာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ခင်းတဲ့လမ်းတွေဟာဆိုရင် ဘယ်လိုစနစ်တွေနဲ့ပဲခင်းခင်း အိမ်နီးနားချင်းနိုင်ငံမှာခင်းတဲ့ လမ်းရဲ့အရည်အသွေးပိုင်းရော၊ လမ်းရဲ့စနစ်ကျမှု၊ ဖြောင့်တန်းမှုအပိုင်းရော အရမ်းကွာဟနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ကနေ့ကမ္ဘာကြီးကလည်း Globalization ဖြစ်လာတဲ့ကာလမှာ လူတိုင်းကလည်း နိုင်ငံတကာကို ရောက်ရှိပြီးမှ၊ အိမ်နီးနားချင်းနိုင်ငံတွေကိုလည်း ရောက်ရှိပြီးမှ လူမှုကွန်ယက်စာမျက်နှာမှတစ်ဆင့် အမြင်ကျယ်နေကြပါပြီ။ ဒါကြောင့်မို့လို့ လမ်းတွေ သတင်းမီဒီယာများမှာလည်း မကြာခဏတွေ့နေရပါတယ်။ ကျွန်တော်တို့ဆီကလမ်းတွေက ဘာကြောင့်မကြာခဏလမ်းတွေ ပျက်နေရတာလဲ။ နောက် ကျွန်တော်တို့ခင်းပြီးတဲ့လမ်းတွေကလည်း အသုံးပြုရတယ်ကိုမရှိပါဘူး။ ခြောက်လတစ်ကြိမ်လောက် မကြာခဏပြင်နေရပါတယ်။ အဲဒီအတွက်လည်း သက်ဆိုင်တဲ့ဝန်ကြီးဌာနရဲ့ ဂုဏ်သိက္ခာကိုလည်း များစွာထိခိုက်စေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က ဒီလမ်းတွေကို စနစ်ကျပြီး ကုန်ကျစရိတ်သက်သာတဲ့ ဒီဇိုင်းပြင်ဆင်ဖို့အတွက်ကို ကျွန်တော့်အနေနဲ့မေးခွန်းမေးရခြင်းဖြစ်ပါတယ်။

ဒီဟာကတော့ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကုန်ကျစရိတ်သက်သာစွာ လမ်းတွေကို ကျွန်တော်တို့ အခုလက်ရှိခင်းနေတာက လမ်းဒီဇိုင်းတွေကို ၄ လက်မ x ၂ လက်မနဲ့ ကျောက်တွေစီပြီးမှခင်းတယ်။ ခင်းထားတဲ့အခါကျတော့ ဒေသမှာရှိတဲ့ ပြောမယ်ဆိုရင် ကုန်ကြမ်းရရှိမှုတွေဟာ ကျွန်တော်တို့ရွှေကူမြို့ကိုပြောမယ်ဆိုရင် ကျောက်ရဲ့အရည်အသွေးတွေက အရည်အသွေးမမီပါဘူး။ သို့ပေမဲ့လည်း ကျွန်တော်တို့က ဘာလို့မျက်ကွယ်ပြုထားလဲဆိုရင် ကျောက်ရဲ့အရည်အသွေးကို စိစစ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီဘတ်ဂျက်နဲ့ဒီလုပ်ငန်းပြီးစီးမှုတွေမှာ တကယ်ကိုမှ ထိခိုက်မှုတွေရှိပြီးမှ ပြဿနာတွေဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီကျောက်တွေကို ခင်းမယ့်အစား လမ်းဒီဇိုင်းကို ပြုပြင်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဒေသမှာရှိတဲ့ ကုန်ကြမ်းတွေနဲ့တည်မှီပြီးမှ ပြုပြင်လိုက်မယ်ဆိုရင် အများကြီးအဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။

လမ်းဒီဇိုင်းပြုပြင်ချင်တာကတော့ ဒီလိုပါ။ ကျွန်တော်တို့ဆီမှာ ကျောက်ရောမြေတွေ၊ သဲကျောက်မြေတွေဟာဆိုရင် အလွယ်တကူပဲမြေပေါ်မှာပဲ Backhoe နဲ့ကုတ်ယူလို့ရပါတယ်။ အခမဲ့ကုတ်ယူလို့ရပါတယ်။ ဒါဆိုသယ်ယူစရိတ်ပဲကုန်ကျမှာဖြစ်တဲ့အတွက်၊ ကျောက်နဲ့စီပြီးမှခင်းတဲ့အတွက် လုပ်အားခတွေ၊ အချိန်တွေသက်သာလာမှာဖြစ်ပါတယ်။ ဒီဟာကတော့ မြစ်ကြီးနားနဲ့တနိုင်းလမ်းမမှ နမ္မတီးမှလဝါးထိဖောက်လုပ်ထားတဲ့ Leo လမ်းမကြီးဖြစ်ပါတယ်။ အဲဒါဆိုလို့ရှိရင် ဒေသမှာရှိတဲ့ ကုန်ကြမ်းကိုပဲ အောက်ခြေမှာ ကျောက်ရောမြေနဲ့ Conversion ရအောင်လုပ်ထားတယ်။ ကွန်ကရစ်နဲ့ ပေါင်ကွပ်ထားပြီးတော့မှ လမ်းကိုစနစ်တကျနဲ့ဖြောင့်ဖြောင့်တန်းတန်းခင်းထားတယ်။ အဲ့ပေါ်မှာ AC တင်လိုက်ပါတယ်။ ကုန်ကျစရိတ်လည်းသက်သာတယ်။ အချိန်လည်း သက်သာတယ်။ အသုံးပြုရတဲ့ လမ်းကလည်း အခုကျွန်တော်တို့နိုင်ငံကခင်းတဲ့လမ်းထက် အများကြီးကောင်းပါတယ်။ ခုနတုန်းက ကျွန်တော်ပြောတဲ့ကုန်ကျစရိတ်ဆိုတာကတော့ အချိန်တွေရော၊ လုပ်အားတွေရော အားလုံးပါပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့က စနစ်တွေသုံးတယ်။ BOT စနစ်လည်းသုံးတယ်။ အခွန်အခတွေ ပေးရတယ်။ လမ်းတွေကိုအသုံးပြုတဲ့ ပြည်သူတွေက အခွန်အခတွေပေးရပြီးမှ ပေးရတာနဲ့မညီဘဲ

ညီမျှပြီးမှသာလွှန်တဲ့ အကျိုးကျေးဇူးကိုလိုလားတဲ့ပြည်သူတွေက ဒါကျွန်တော်တို့ Consumer Rights က ဆုံးရှုံးနစ်နာနေပါတယ်။

ဒီဟာကတော့ မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်လမ်းမပါ။ အဲဒါလည်း ကျွန်တော့်အနေနဲ့ မေးချင်ပါသေးတယ်။ ဒီတံတားဆောက်လိုက်ပြီဆို ဘာကြောင့်မို့ အန္တရာယ်ဖြစ်ပေါ်အောင် ဘာကြောင့် လုပ်ထားရတာလဲ။ ပြည်သူတွေက ကားမှောက်သွားရင်ရော ဒါတွေကိုအရေးယူဦးမှာလား။ ဘယ်သူ့မှာ တာဝန်ရှိလဲဆိုတဲ့မေးခွန်းတွေလည်း မေးချင်ပါသေးတယ်။ ဒီဟာကတော့ ကျွန်တော်တို့ရွှေကူမြို့နယ်မှာ ဒီ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်မှာ ဆောက်လုပ်ထားတဲ့ကျေးလက်လမ်းဖြစ်ပါတယ်။ ကျေးလက်လမ်း က တကယ်တမ်းဖြောင့်မတ်စွာဖောက်နိုင်အောင် ကျွန်တော်တို့တွေက Facility Study လုပ်ပြီးမှ အဖွဲ့နဲ့ရှင်းထားပါတယ်။ သို့ပေမဲ့ လမ်းကိုလည်းမြေပြန့်ဖြစ်ပြီးမှ ကွေ့ကွေ့ကောက်ကောက်နဲ့ခင်းသွား တဲ့အတွက် နောင်တစ်ချိန်အတွက် ဒါတွေကယာဉ်တိုက်မှုတွေ။ အများကြီးပြုပြင်ရမယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြောချင်ခြင်းဖြစ်ပါတယ်။

ဒါကတော့ လမ်းကတည်ဆောက်ပြီးအပ်ထားတာနဲ့ ဘယ်လောက်မှမကွာသေးပါဘူး။ လမ်းတွေ ပျက်စီးနေပါပြီ။ ဒီမှာ လမ်းကအပ်ပြီးမှ ၁၅-၅-၂၀၁၇ ရက်နေ့မှာ လုပ်ငန်းကိုအပ်တယ်။ စတင်အသုံး ပြုတယ်။ အခု ဒါ မနေ့ကမှရိုက်တဲ့ပုံတွေဖြစ်ပါတယ်။ လမ်းတွေကပျက်စီးနေပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အရည်အသွေးကောင်းမွန်ပြီးမှ စနစ်ကျတဲ့လမ်းတွေကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေဖြင့် ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းမှ မေးမြန်းထားတဲ့ နိုင်ငံအတွင်းရှိ လမ်းများ(အမြန်လမ်းများ၊ ပြည်နယ်ချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ ပြင်ဆင်ရာတွင်လည်းကောင်း၊ လမ်းသစ်များ ဖောက်လုပ်ရာတွင်လည်းကောင်း၊ နိုင်ငံတကာအဆင့်လမ်းများကဲ့သို့ စနစ်ကျနပြီး လမ်းဒီဇိုင်း ဖြစ်စေရန်အတွက် လမ်းဒီဇိုင်းပြင်ဆင်ခြင်းနှင့် လမ်းတွေကိုဖြောင့်တန်းစွာ ဖောက်လုပ်သွားရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သို့မူဝါဒချမှတ်၍ ဆောင်ရွက်နေပါသည်၊ မရှိပါက အဘယ်ကြောင့်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့မေးခွန်းက အပိုင်းသုံးပိုင်းဖြင့် ပါဝင်ပါတယ်ခင်ဗျား။ ပထမတစ်ပိုင်းကတော့ ကျွန်တော်တို့ နိုင်ငံရဲ့လမ်းတွေသည် နိုင်ငံတကာအဆင့်မီ မဖြစ်ရခြင်းဆိုတဲ့ ကိစ္စ နံပါတ်(၁)ဖြစ်ပါတယ်။ (၂)ကတော့ ရွှေကူမြို့နယ်မှာရှိနေတဲ့ လမ်းတွေရဲ့အခြေအနေနှင့် ပတ်သက်ပြီးတော့ ဖြစ်ပါတယ်။ (၃) အပိုင်းကတော့ ဒီတရုတ်နိုင်ငံက ခင်းထားတဲ့လမ်းတစ်လမ်းကို

နမူနာပြထားပြီးတော့ အဆိုပါအတိုင်း ဒီဇိုင်းတွေမပြောင်းနိုင်ဘူးလားဆိုတဲ့ အပိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးအနေနဲ့တော့ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးခွန်းမေးမြန်းထားတဲ့ ယခုလိုအချိန်မှာပဲ ကျွန်တော်တို့ ဝန်ကြီး ဌာနအပါအဝင် အခြားလမ်းများဖောက်လုပ်နေတဲ့ ဝန်ကြီးဌာနတွေ၊ စည်ပင်သာယာရေးအဖွဲ့တွေက ခင်းထားတဲ့လမ်းတွေနှင့်ပတ်သက်ပြီးတော့ ဒီလမ်းတွေက ဘာကြောင့်နိုင်ငံတကာအဆင့်မမီရတာလဲ၊ မိုးရာသီမှာ ဘာကြောင့်လမ်းတွေပျက်စီးရတာလဲ၊ ရှေ့ကဆောက်လိုက် နောက်ကပျက်လိုက်နှင့် ဘာကြောင့်ဒီလိုအပျက်သံသရာလည်နေရတာလဲ စသည်ဖြင့် ဆောင်းပါးတွေ၊ ကာတွန်းတွေ၊ နေ့စဉ်ထုတ်ဂျာနယ်များမှာ တွေ့နေရပါတယ်။ လူထုကလည်းပဲ ဒီဖြစ်စဉ်ဖြစ်ရပ်တွေကိုထောက်ပြနေတဲ့ အတွက် ကျွန်တော်တို့အနေဖြင့် ယခုလို ရှင်းလင်းတင်ပြခွင့် ရရှိတဲ့အတွက်လည်း ကိုယ်စားလှယ် တော်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံရဲ့လမ်းတွေအားလုံး နိုင်ငံတကာအဆင့် ဘာကြောင့်မမီရတာလဲဆိုတဲ့အချက် အကျဉ်းချုပ်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပြီးတော့ ယနေ့ရှင်းလင်းတင်ပြသွားတဲ့အချက်များသည် ဌာနရဲ့အားနည်းချက်ကို ဖုံးကွယ်လို၍ ဆင်ခြေဆင်လက်ပေးတဲ့ ရှင်းလင်းချက်မျိုးမဟုတ်ပါကြောင်းနှင့် ကျွန်တော်တို့ဌာနမှာ ဆောင်ရွက် လျက်ရှိတဲ့ အင်ဂျင်နီယာတစ်ဦးချင်းစီရဲ့ အားနည်းချက်ကြောင့် သို့မဟုတ် အလွဲသုံးစားမှုကြောင့် လည်းကောင်း၊ ဥပမာ- မသမာမှုတွေကြောင့် ဒါမှမဟုတ်လို့ရှိရင် တာဝန်ပေါ့လျော့မှုကြောင့် ဖြစ်ပေါ်လာတဲ့ ပျက်စီးယိုယွင်းလာတယ်ဆိုရင်တော့ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ သီလဝါစက်မှုဇုန်မှ သန်လျင်တံတားထိ ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ လေးလမ်းသွားလမ်းမကြီးနှင့်ပတ်သက်ပြီးတော့ နမူနာအဖြစ် ရှင်းလင်းတင်ပြသွားပါမယ်။ ကျွန်တော်တို့ ရန်ကုန်-သန်လျင်တံတားအမှတ်(၁)မှ သီလဝါစက်မှုဇုန် အထိ စုစုပေါင်း ၅.၄ မိုင်ကို JICA ၏ချေးငွေအကူအညီ US $ ၄၁.၅၂ သန်းအသုံးပြု၍ လေးလမ်းသွား နိုင်ငံတကာအဆင့်မီဆောင်ရွက်သွားမှာဖြစ်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးသွားပါက Power Point တွင်တင်ပြထားသည့်အတိုင်း နိုင်ငံတကာအဆင့်မီလမ်းမကြီးအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဆိုပါ လမ်းမကြီးအား တစ်မိုင်လျှင် US $ ၇.၅ သန်းခန့်သုံးစွဲပြီးတော့ အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် စုစုပေါင်း ၅ မိုင်ခွဲခန့်ရှိတဲ့လမ်းလေးအတွက် မြန်မာငွေဖြင့် တွက်မယ်ဆိုလျှင် ကျပ် ၅၉ ဘီလီယံခန့်အသုံးပြုမှာဖြစ်ပါတယ်။ Power Point တွင် တင်ပြထားတဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုလုံးမှာရှိတဲ့ လမ်းတွေအတွက် လမ်းဦးစီးဌာနက သုံးစွဲရမည့် ပြည်ထောင်စုရန်ပုံငွေသည် ကျပ် ၈၅.၆၇ ဘီလီယံသာဖြစ်ပြီးတော့ ၎င်းရန်ပုံငွေဖြင့် လမ်းဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်တွေ တည်ဆောက်ခြင်းစတဲ့ လုပ်ငန်းတွေအားလုံးပါဝင်တဲ့ရန်ပုံငွေ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာလည်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပြည်ထောင်စုလမ်းမကြီး တွေရဲ့လက်ရှိအနေအထားသည် (Paved Road)အနေနဲ့ ကတ္တရာ/ကွန်ကရစ်လမ်းဖြစ်ပြီးတဲ့

လမ်းသည် ၇၁ ရာခိုင်နှုန်းသာလျှင်ရှိသေးပြီးတော့ ၂၉ ရာခိုင်နှုန်းသည် (UnPaved Road) မြေသား/ကျောက်လမ်းဖြစ်နေတဲ့အတွက် အဆင့်မြှင့်တင်ဆောင်ရွက်သွားဖို့လည်း လိုနေသေးတာဖြစ်ပါတယ်။ ၇၁ ရာခိုင်နှုန်းကို လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းသားတိုးချဲ့ခြင်း ၁၈ ပေအကျယ် တိုးချဲ့ခြင်း၊ ၁၈ ပေမှ ၂၄ ပေအကျယ် လမ်းတိုးချဲ့ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရမှာဖြစ်ပြီးတော့ ၂၉ ရာခိုင်နှုန်းကိုတော့ မြေသားလမ်း/ကျောက်လမ်းများကို ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ရမှာဖြစ်ပါတယ်။

နောက်ထပ်နမူနာတစ်ခုအဖြစ် ကော့ကရိတ်-မြဝတီလမ်းအပိုင်းကို တင်ပြသွားပါမယ်။ အဆိုပါလမ်းသည် စုစုပေါင်း ၂၈.၅ မိုင်ရှိပြီး ထိုင်းနိုင်ငံရဲ့ Grant AID အကူအညီဖြင့် Seasan ဆိုတဲ့ ထိုင်းကုမ္ပဏီတစ်ခုက ပြီးခဲ့တဲ့ငါးနှစ်တာကာလမှာ နိုင်ငံတကာအဆင့်မီလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းကုမ္ပဏီမှအသုံးပြုခဲ့တဲ့ ငွေကြေးပေါ်မှာပြန်လည်တွက်ကြည့်မယ်ဆိုလျှင် ပျမ်းမျှအားဖြင့် ၂၄ ပေအကျယ် နှစ်လမ်းသွားလမ်းတစ်မိုင်ကို ကျပ်သိန်းပေါင်း ၃၀၀၀၀ နီးပါး အသုံးပြုခဲ့တဲ့အတွက် စနစ်ကျနပြီးတော့ လမ်းအင်္ဂါရပ်နဲ့ပြည့်စုံတဲ့ နိုင်ငံတကာအဆင့်မီလမ်းတစ်လမ်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းရှိ လမ်းနဲ့နှိုင်းယှဉ်တင်ပြနိုင်တာကတော့ နေပြည်တော်မှ တောင်ညိုသို့ အထွက်လမ်းဖြစ်ပြီးတော့ ၂၄ ပေအကျယ် လမ်းတစ်မိုင်ကို ကျွန်တော်တို့ ရန်ပုံငွေ လက်ရှိအချိန်ထိ ရန်ပုံငွေအများဆုံးသုံးထားတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ လမ်းတစ်မိုင်ပေါ်မှာ ကျွန်တော်တို့ ကျပ်သိန်းပေါင်း ၄၀၀၀ ကျော်သုံးထားတဲ့လမ်းပိုင်း ဖြစ်ပါတယ်။ ကျွန်တော်တို့သုံးခဲ့တဲ့ အများဆုံးပမာဏသည် လမ်းအကျယ်ခြင်းတူတဲ့ ထိုင်းနိုင်ငံနယ်စပ်မှာ ခုနက မြဝတီမှာခင်းထားတဲ့ လမ်းပမာဏရဲ့ ခုနစ်ပုံတစ်ပုံလောက်သာလျှင် ကျွန်တော်တို့အနေနဲ့ အသုံးပြုထားနိုင်တာဖြစ်တဲ့ အတွက် လမ်းရဲ့ Furnitures ပြည့်စုံအောင်မလုပ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု Power Point တွင်တင်ပြထားတဲ့ ဇယားကတော့ ကျွန်တော်တို့နိုင်ငံနဲ့အိမ်နီးချင်းနိုင်ငံများရဲ့ လမ်းတံတားအတွက် အသုံးပြုထားတဲ့ရန်ပုံငွေကို နှိုင်းယှဉ်တင်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဧရိယာရဲ့ သုံးပုံ တစ်ပုံလောက်ပဲရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တစ်နှစ်လျှင်လမ်းတံတားအတွက်အသုံးပြုတဲ့ ရန်ပုံငွေသည် မြန်မာငွေနဲ့ တွက်ချက်ပါက ကျပ် ၃၄၁၆ ဘီလီယံခန့်သုံးထားတာတွေ့ရပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ မြန်မာ ငွေကျပ် ၁၀၉၀၀ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံအနေနဲ့ မြန်မာငွေကျပ် ၂၅၉၀ ဘီလီယံလောက်သုံးထားတာတွေ့ရပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှာတော့ လမ်းတံတားကဏ္ဍတစ်ခုထဲမဟုတ်ဘဲနဲ့ ရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းကဏ္ဍကိုပါ ထည့်သွင်းဖော်ပြထားတာဖြစ်တဲ့အတွက် ကိန်းဂဏန်းကြီးမားစွာသုံးထားတာ တွေ့ရပါတယ်။

ကျွန်တော်တို့ လက်ရှိနိုင်ငံအခြေအနေအရ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနနှစ်ခုပေါင်းပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တံတားအသစ်တည်ဆောက်ခြင်း၊ တံတားအဟောင်း ပြုပြင်ခြင်း လမ်းအဆင့် မြှင့်တင်ခြင်းစတဲ့လမ်း/တံတားကဏ္ဍနှစ်ခုစလုံးကို ကျပ် ၁၇၅.၃၅ ဘီလီယံ အသုံးပြုနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကို တင်ပြတောင်းခံထားပါတယ်။ အဆိုပါ ရန်ပုံငွေနဲ့ ရခိုင်ဒေသမှာဆိုလို့ရှိရင်လည်း ဘူးသီးတောင်-မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ် လမ်းပန်း

ဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ချင်းပြည်နယ်မှာဆိုရင်လည်း ချင်းပြည်နယ် တောင်/မြောက် ဆက်သွယ်တဲ့ ကျီခါး-တွန်းဇံမှတစ်ဆင့် ပလက်ဝအထိ လမ်းမကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ လမ်းမကြီးများ၊ နာဂဒေသလမ်းများဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရမယ့် ကိစ္စတွေ၊ ကချင်ပြည်နယ်မှာဆိုရင် ပူတာအိုမှနောင်မွန်း၊ နောင်မွန်းမှတစ်ဆင့် ခါကာဘိုရာဇီဒေသအထိ လမ်းသစ်များဖောက်လုပ်ဖို့၊ ခေါင်လန်ဖူးအထိ ကားလမ်းများဖောက်လုပ်ဖို့၊ ကချင်ပြည်နယ် အရှေ့ဘက်မှာရှိတဲ့ ချီဖွေ-ဆော့လော်အထိလမ်းများ၊ ရှမ်းပြည်နယ်မှာဆိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းတွေနဲ့ ရှမ်းပြည်နယ်နဲ့ ချိတ်ဆက်နေတဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်ဆက်သွယ်တဲ့လမ်းများ၊ နောက် ထိုင်းနဲ့ တောင်ပိုင်းနှင့်မြောက်ပိုင်းဆက်သွယ်တဲ့ လမ်းတွေကို ၁၈ ပေအကျယ်မြှင့်တင်ဖို့အခြေအနေတွေ ကျွန်တော်တို့ ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ကယားပြည်နယ်မှာဆိုရင်လည်း မယ်စဲ ကုန်သွယ်ရေး လမ်းမကြီးကို အဆင့်မြှင့်တင်တိုးတက်ဖို့ ဆောင်ရွက်သွားဖို့ရှိသလို တာတမော့-ရှားတောဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာဖို့တွေ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးတွေ မွန်ပြည်နယ်၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းအပါအဝင် တနင်္သာရီတိုင်းဒေသကြီးအရှေ့၊ အနောက်ဆက်သွယ်တဲ့ လမ်းကြောင်းတွေအစရှိသဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျွန်တော်တို့ လမ်းတွေအားလုံးကိုရှိတဲ့ ရန်ပုံငွေလေးနဲ့ အကောင်းအဆုံး ဖြစ်အောင် စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နမူနာအဖြစ် နှိုင်းယှဉ်တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတကာအဆင့်မီလမ်းများကဲ့သို့ဆောင်ရွက်ရန် နည်းပညာများသိရှိပါသော်လည်း ကျွန်တော်တို့ နိုင်ငံရဲ့ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ရန်အခက်အခဲရှိတဲ့အတွက် လမ်းအဆင့်မြှင့်တင်ခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာအရ စနစ်ဟောင်းကိုသာ ယနေ့ထက်တိုင်သုံးနေရခြင်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လမ်းများအဆင့်မြှင့်ခြင်းအတွက် တစ်နှစ်လုံးသုံးဖို့ ကျပ် ၈၅.၆၇ ဘီလီယံသာ လျာထားနိုင်ပါတယ်။ ဒီအချိန်မှာ လျာထားတင်ပြထားတဲ့ငွေကြေးနဲ့ သီလဝါလိုမျိုး နိုင်ငံတကာ အဆင့်မီလုပ်မယ်ဆိုရင် ၈ မိုင်လောက်ပဲ လုပ်နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းတွေ အားလုံးကို ဆောင်ရွက်ဖို့ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် တစ်ခုချင်းစီကို ၈၅.၆၇ ဘီလီယံနဲ့ တွက်မယ်ဆိုလျှင် တိုင်းတစ်တိုင်း၊ ပြည်နယ်တစ်ခုကို ၆ ဘီလီယံကျော်လောက်ပဲ ရန်ပုံငွေလျာထား နိုင်မည့် အခြေအနေရှိပါတယ်။ Power Point မှာ ယခုတင်ပြထားတဲ့ ဇယားက သက်ဆိုင်ရာ နိုင်ငံများရဲ့ GDP မှာပါဝင်တဲ့ Highways အတွက် အသုံးစရိတ်အချိုးပေါ်မှာ မူတည်ပြီးတော့ ဖော်ပြထားတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လမ်းတစ်မိုင်အသုံးစရိတ်သည် အများဆုံးသုံးထားတဲ့ အသုံးစရိတ်ဟာ အိမ်နီးချင်းနိုင်ငံက သုံးထားတဲ့ အသုံးစရိတ်ရဲ့ ၇ ပုံ ၁ ပုံလောက်ပဲ အများဆုံးသုံးနိုင်တာ ရှိပါတယ်။ လမ်းဦးစီးဌာနအနေနဲ့ AASHTO လမ်းခင်းနည်းစနစ်တွေ၊ ASTM လမ်းခင်းနည်းစနစ်တွေ၊ BS လမ်းခင်းနည်းစနစ်တွေ၊ JIS(Japanese International Standard) လမ်းခင်းနည်းစနစ်တွေစတဲ့ နိုင်ငံတကာအဆင့်မီ လမ်းခင်းစနစ်တွေကို သိရှိနားလည်ပါသော်လည်းပဲ အထက်ဖော်ပြပါ ရန်ပုံငွေ သုံးစွဲနိုင်မှုကန့်သတ်ချက်အရ ၁၈၂၀ ခုနှစ်လောက်ကတည်းက ပေါ်ပေါက်နေခဲ့တဲ့ Penetration

Macadam လို့ခေါ်တဲ့ ကျောက်ကြီးပေါ်မှာ ကျောက်သေးတွေထည့်၊ လမ်းကြိတ်စက်နဲ့ကြိတ်၊ ကတ္တရာကို Grouting နဲ့ လောင်းပြီးတော့မှအပေါ်မှာ Wearing Course နဲ့ကြိတ်ရတဲ့စနစ် ကုန်ကျစရိတ်နည်းနည်းနဲ့ခင်းနိုင်မယ့် ဒီနည်းလမ်းကြီးကို ယခုအချိန်အထိ သုံးနေရာသေးတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းတွေတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များကို အကူအညီတောင်းခံခဲ့ရပြီးတော့ ဝန်ကြီးချုပ်များရဲ့ ရန်ပုံငွေကူညီပံ့ပိုးမှုကြောင့်သာလျှင် လမ်းများကို ကျွန်တော်တို့ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်တယ်၊ တိုးတက်မှုတွေ ရရှိတယ်ဆိုတာကလည်း တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များရဲ့ ပြည်ထောင်စုနှင့် ညှိနှိုင်း ပေါင်းစပ်မှုများကြောင့် ဒီလိုတိုးတက်မှုများ ရရှိလာခြင်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ရှင်းလင်းတင်ပြ သွားတဲ့အချက်တွေဟာ လမ်းတွေမကောင်းတာကို ဆင်ခြေပေးခြင်းမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ စိန်ခေါ်မှုတွေကို တင်ပြခြင်းသာလျှင်ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ လမ်းခင်းစနစ်များအသုံးပြု ပြီးတော့ အခြားနိုင်ငံများနည်းတူ လုပ်ပြချင်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့မှာရှိတဲ့ရန်ပုံငွေ လေးနဲ့ တစ်နိုင်ငံလုံးကိုဖြန့်ကျက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေရတဲ့အတွက် အားမလိုအားမရဖြစ်နေရပြီးတော့ ဒီလိုဖြစ်နေတဲ့အခြေအနေကို ကိုယ်စားလှယ်တော်ကြီးများ သိရှိရန်အတွက် ကျွန်တော်အနေဖြင့် ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့သလိုပဲ နိုင်ငံအတွင်းရှိလမ်းများသည် နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိစေရန် ဒီလိုမျိုးကမ္ဘာ့အဆင့်မီ မဖောက်လုပ်နိုင်သေးသော်လည်းပဲ ကျွန်တော်တို့လက်ရှိလုပ်နေတဲ့ ဒီဇိုင်းကလည်း လမ်းများမပေါက်မီ အောက်ခံမြေသားကို ဓာတ်ခွဲခန်းကိုယူဆောင် Soil Test လုပ်စံ စမ်းသပ်စစ်ဆေးပါတယ်။ ၎င်း အောက်ခံမြေသားနှင့်လည်း လိုက်လျောညီထွေဖြစ်စေမည့် Penetration Macadam ကို သော်လည်းကောင်း၊ DBST သော်လည်းကောင်း၊ ကွန်ကရစ်လမ်းလုပ်ငန်းသော်လည်းကောင်း၊ ဒီဇိုင်းဆွဲပြီးထုတ်ပေးပါတယ်။ ထုတ်ပြီးတော့ ဒီဇိုင်းထပ်ဆွဲခြင်းရှိ/မရှိကို ဓါတ်ခွဲခန်းမှ ကျွမ်းကျင် ပညာရှင်များနှင့် Quality Control စစ်ဆေးခြင်းများကို စနစ်တကျဆောင်ရွက်ပါတယ်။ တကယ်လို့ ကွင်းအင်ဂျင်နီယာများ ဒီဇိုင်းအတိုင်းမလုပ်ဘဲ ကိုယ်ကျိုးစီးပွားရှာပြီး မသမာမှုလုပ်လျှင်လည်း ဌာနအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်တင်ပြလိုတာကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အားလုံးရှိ လမ်း/တံတားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရဲ့ Check and Balance အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ထိန်းကြောင်း လမ်းညွှန်ပေးခြင်းကို ခံယူပြီးတော့ အကောင်းဆုံးဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော်ခုနက မေးလိုက်တဲ့အချိန်မှာ ဒီလမ်းတွေကိုပေါ့နော် ဒီကျေးလက်လမ်းတွေလည်းပါပါတယ်။ နောက်တစ်ခါ ကျေးရွာချင်းဆက်လမ်းတွေလည်းပါပါတယ်။ ကုန်ကျစရိတ်သက်သာစေတဲ့ဒီဇိုင်းဆိုတာ အဲ့ဒါလေးကို အနည်းငယ်ပြန်လည်မေးခွန်းထုတ်လိုပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ ပြောလိုတာက ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အတိုင်းပေါ့နော်။ ဒီ Design၊ ၄ လက်မ x ၂ လက်မကျောက်တွေကို ဒေသပေါက်ဈေးအရဆိုရင် တစ်ကျင်းကို Site ထဲအရောက်ဆိုရင် ခြောက်သောင်းကျပ်ဝန်းကျင်ရှိပါတယ်။ ဒေသနှင့်ကိုက်ညီတဲ့ ဒေသမှာအလွယ် တကူရရှိတဲ့ Resources တွေ ကျောက်ဟောင်းမြေကိုအသုံးပြုလိုက်မယ်ဆိုရင် ကျောက်ဟောင်းမြေဟာ အလကားရမှာဖြစ်တဲ့အတွက် သယ်ယူစရိတ်သာကုန်ကျမှာဖြစ်တဲ့အတွက် Site ထဲအရောက်ဆိုရင် ကျပ်နှစ်သောင်းဝန်းကျင်လောက်ပဲကျမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှိတဲ့ငွေနဲ့ လောက်ငအောင်ခင်းမယ်ဆိုရင် ကျွန်တော်တို့က သုံးချိုးတစ်ချိုး တစ်မိုင်ခင်းမယ်ဆိုရင် ကျွန်တော်တို့က သုံးမိုင်အထိကို Sub-Rate အလာကို နောက်ရေရှည်အတွက်ကို ခင်းထားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီမှာ တစ်ချက်ကကျတော့ ကျွန်တော့်အနေနဲ့ ပြောလိုတာက ၄ လက်မ x ၂ လက်မနဲ့ ခင်းလိုက်တယ်။ ကတ္တရာခင်းလိုက်တယ်။ ဒါလည်းကျွန်တော်တို့က ခြောက်လလောက်ပဲသုံးရတယ်။ သုံးရမယ့် အတူတူပေါ့နော် ကျွန်တော်တို့တွေက အဲဒီလိုပေါ့နော်။ နောက်ဘတ်ဂျက်နှစ်အရ အလိုက်ကိုပေါ့နော်။ ရေရှည်အတွက် မျှော်မှန်းပြီးမှ ဒီလိုဘောင်ကွပ်ပြီးမှ သဲကျောက်နဲ့ထားလိုက်မယ်ဆိုရင် ကျွန်တော်တို့တွေကလည်း သည်းခံခဲ့တာ ပြည်သူတွေကလည်း ကြာပါပြီ။ သည်းခံနိုင်စွမ်းတွေလည်းရှိပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော် Compare တစ်ခုတင်ပြချင်တာ မြို့နယ်စည်ပင်က တစ်မိုင်ခင်းတဲ့လမ်းဟာလည်း ကျပ်သိန်း ၈၀၀ ကုန်ပါတယ်။ သူလည်းခြောက်လပျက်ပါတယ်။ ခြောက်လတစ်ကြိမ်ပြင်ရပါတယ်။ အခုကျွန်တော်တို့ ကျေးလက်လမ်းခင်းလိုက်တာဟာ ကျပ်သိန်း ၁၃၀၀၊ ကျပ်သိန်း ၅၀၀ ကွာတယ်။ သူလည်းခြောက်လမှာပြင်ရပါတယ်။ အတူတူဖြစ်နေပါတယ်။ ဒါကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ပေါ့နော် ဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရေရှည်အနာဂတ်အတွက်ကို Plan လိုချထားပြီးမှ ဒီဟာတွေဒီလိုမဖြစ်ပေါ်အောင် ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာကို ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းတွေနဲ့ မေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနဖြေကြားပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးက Plan တွေကို မေးတယ်လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်ခင်ဗျား။ Plan တွေအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာန Vision ၂၀၃၀ ခုနှစ် ဆိုပြီးတော့ Vision တစ်ခုချမှတ်ထားပါတယ်။ ၂၀၁၆ ခုနှစ်ကစပြီးတော့ Vision ၂၀၃၀ ခုနှစ်ထိ ၁၅ နှစ် Plan တွေရှိပါတယ်။ အဲဒီ Plan တွေက ၂၀၃၀ ခုနှစ်ကျလို့ရှိရင် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကျွန်တော်တို့လမ်းတွေ ပြည်ထောင်စုလမ်းမကြီးတွေ အားလုံးဟာ ကီလိုမီတာ ၄၀၀၀၀ ကျော်ရှိပါတယ်။ ဒီလမ်းတွေအားလုံးသည် Vision ၂၀၃၀ ခုနှစ်မှာ ASEAN Class 3 အဆင့်ကို အနိမ့်ဆုံးရောက်ရပါတယ်ခင်ဗျား။ ASEAN Class 3 အဆင့်ဆိုတာ နှစ်လမ်းသွားကတ္တရာ

လမ်း သို့မဟုတ် ကွန်ကရစ်လမ်းဖြစ်ပါမယ်။ ASEAN အဆင့်ဖြစ်ပါမယ်။ တံတားတွေအားလုံးလည်းပဲ နှစ်လမ်းသွားတွေ Permanent တံတားများဖြစ်ပါမယ်။ အဲဒါက ကျွန်တော်တို့ ၂၀၃၀ Vision ၂၀၃၀ ဖြစ်ပါတယ်။ အဲဒီလိုသွားဖို့အတွက်ကို ကျွန်တော်တို့ နည်းလမ်းသုံးသွယ်နှင့် ဆက်လက်သွားပါမယ်။ ပထမနည်းလမ်းကတော့ ကျွန်တော်တို့ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အဖွဲ့ ဝန်ကြီးချုပ်များ၏ရန်ပုံငွေ ဒီနှစ်ခုနှင့် ကျွန်တော်တို့ ဆောင်ရွက်သွားမှာ နံပါတ်(၁)ပါ။ နံပါတ်(၂) ကတော့ နိုင်ငံတကာအကူအညီဖြစ်တဲ့ Rent တို့ Loan တို့နှင့် ကျွန်တော်တို့ အဆင့်မြှင့်တင် ဆောင်ရွက်သွားပါမယ်။ နံပါတ်(၃)အချက်ကတော့ ကျွန်တော်တို့ PPP Program နှင့် တကယ်လို့ ဖြစ်နိုင်ဖွယ်ရှိတဲ့ Bankable Project တွေဖြစ်တဲ့ ဒီအမြတ်အစွန်းရနိုင်တဲ့လုပ်ငန်းတွေရှိတဲ့ လုပ်ငန်း အမျိုးမျိုးတွေကို ကျွန်တော်တို့ PPP စနစ်နဲ့၊ BOT စနစ်နဲ့ ပုဂ္ဂလိကကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပြီးတော့ နောက်ဆုံးပိတ် ခုနကပြောတဲ့ ကျေးလက်လမ်းတွေလည်းပါပါတယ်။ ကျေးလက်လမ်းတွေ လည်း ၂၀၃၀ ခုနှစ်မှာ ကျေးလက်လမ်းတွေအားလုံးသည် နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသွားနိုင်တဲ့ လမ်းမျိုးဖြစ်ဖို့ ရည်မှန်းချက်ထားပါတယ်။ Plan တွေထားထားပါတယ်။ ခုနကပြောသွားတဲ့ ရွှေကူမြို့နယ်အတွင်းမှာရှိတဲ့လမ်းတွေ တစ်မိုင်ကို ကျပ်သိန်း ၁၃၀၀ နဲ့ဖောက်တယ်ဆိုတဲ့လမ်းပိုင်း ဆိုင်ရာတွေကတော့ ကျွန်တော်တို့ ဒီ Design Standard တွေရှိ ပါတယ်။ အဲဒီ Design Standard အတိုင်း ဆောင်ရွက်ဖို့အတွက်ကို ကျွန်တော်တို့ QC Team တွေ လွှတ်ပြီးတော့ စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီနေရာမှာ မသမာမှုတွေရှိတယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။ ဖြေကြားအပ်ပါတယ်။

**လှိုင်သာယာမြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ လမ်းဆုံ၊ မီးပွိုင့်ဧရိယာများအတွင်း ယာဉ်ရပ်နား မှုမရှိစေရန်အတွက် ယာဉ်မရပ်ရသတ်မှတ်သည့် ဆေးဖြူ ဆေးနီ ကတ်တုံးများနှင့် လူသွားစင်္ကြံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာ ပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းက လှိုင်သာယာ မြို့နယ်အတွင်းရှိ အဓိလမ်းမကြီးများ လမ်းဆုံ၊ မီးပွိုင့်ဧရိယာများတွင် ယာဉ်ရပ်နားမှုမရှိစေရန်နှင့် ယာဉ်မရပ်ရသတ်မှတ်သည့် ဆေးဖြူ/နီ ကတ်တုံးများနှင့် လူသွားစင်္ကြံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းသွားမှာဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာမြို့နယ်ရှိ အဓိကလမ်းမကြီးများဖြစ်သော ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ညောင်တုန်းလမ်း၊ အနော်ရထာလမ်းမကြီးများပေါ်တွင် မြို့တွင်းသွား ယာဉ်များနှင့် ဧရာဝတီတိုင်းဒေသကြီးသို့သွားလာသည့်ယာဉ်များ၊ သွားလာမှုများသော လမ်းမကြီးများ ဖြစ်ကြပါတယ်။ မကြာခဏယာဉ်လမ်းကြောင်းပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရပါတယ်။ ခြေလျင်

မူကြမ်း

ခရီးသွားပြည်သူများအတွက်လည်း လူသွားစင်္ကြံများမရှိသောကြောင့် ကားလမ်းမပေါ်ကနေ လမ်းလျှောက်နေရသည့်အတွက် ယာဉ်အန္တရာယ်များဖြစ်စေပါတယ်။ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီစေရန်အတွက် အဓိကလမ်းမကြီးများဖြစ်သော ပုသိမ်လမ်း၊ ညောင်တုန်းလမ်း၊ အနော်ရထာလမ်းစသည့်လမ်းမကြီးများတွင် ယာဉ်လမ်းကြောင်းပိတ်ဆို့မှုမဖြစ် စေရန်အတွက် လမ်းမကြီးများဘေးဘယ်၊ ညာ၊ လမ်းဆုံ၊ မီးပွိုင့် ဧရိယာများတွင် ယာဉ်ရပ်နားမှု မရှိစေရန်နှင့် သတ်မှတ်ထားသည့်နေရာများတွင်သာ ယာဉ်ရပ်နားစေရန်အတွက် ယာဉ်မရပ်ရ သတ်မှတ်သည့် ဆေးဖြူ/နီကတ်တုံးများ သတ်မှတ်ချထားပေးခြင်း၊ ခြေလျင်သွား ခရီးသွားပြည်သူများ အတွက် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လမ်းမကြီးများ ဘေးဘယ်၊ ညာတွင် လူသွားစင်္ကြံပလက်ဖောင်းများတည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမင်းမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန် တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ လမ်းဆုံ၊ မီးပွိုင့်ဧရိယာများ အတွင်း ယာဉ်ရပ်နားမှုမရှိစေရန်အတွက် ယာဉ်မရပ်ရသတ်မှတ်သည့် ဆေးဖြူ/နီ ကတ်တုံးများနှင့် လူသွား စင်္ကြံများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်း(ဘုရင့်နောင်တံတားချဉ်းကပ်လမ်း) ၅ မိုင် ၄ ဖာလုံ၊ ရန်ကုန်-ညောင်တုန်းလမ်း (အောင်ဇေယျတံတားချဉ်းကပ်လမ်း) ၃ မိုင် ၂ ဖာလုံ၊ အနော်ရထာလမ်းမကြီး(ရွှေပြည်သာတံတား ချဉ်းကပ်လမ်း) ၄ မိုင် ၆ ဖာလုံအပါအဝင် တံတားချဉ်းကပ်လမ်း သုံးလမ်း စုစုပေါင်းလမ်းမိုင်အရှည် ၁၃ မိုင် ၄ ဖာလုံသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကျရောက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၁၉-၁-၂၀၁၈ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

လွှဲပြောင်းရယူခဲ့သောလမ်းပိုင်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အထိ လမ်းပိုင်းအလိုက် ရန်ပုံငွေများလျာထားပြီး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားလျက်ရှိနေပြီးတော့ လုပ်ငန်းဆောင်ရွက်တဲ့

နေရာမှာ လမ်းဆုံ၊ မီးပွိုင့်ဧရိယာများအား လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးကျော်ဆွေဝင်း၊ ကော့မှူးမဲဆန္ဒနယ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းတွင် BOT (Build, Operate, Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းရှိ/မရှိစိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလာစေရေး စီမံခန့်ခွဲထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့် PPP(Private-Public Partnership) ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်ဆွေဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းခြွေပါတယ်။ ကျွန်တော်ကတော့ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း BOT စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းရှိ/မရှိစိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာစေရေး စီမံခန့်ခွဲထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့် Private-Public Partnership ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်း ကွန်ရက်ဖြန့်ကျက်ဆက်သွယ်ထားတဲ့ လမ်းမကြီးတွေဟာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်တမျှအရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။ တစ်နယ်ကနေ တစ်နယ်၊ ဒေသတစ်ခုကနေ အခြားဒေသတစ်ခုသို့ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ ပညာရေးဖြစ်စေ၊ ကျန်းမာရေးဖြစ်စေ အရေးကိစ္စတွေကို ကူးလူးယှက်နွယ်ဆက်ဆံတဲ့နေရာမှာ ဒီလမ်းမကြီးတွေကိုပဲ အားကိုးအားထားပြုပြီး ဆောင်ရွက်ကြ

ရတာဖြစ်ပါတယ်။ ခရီးလမ်းပန်းဆက်သွယ်ရေး လျင်မြန်ချောမွေ့မယ်ဆိုရင် ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်ထိရောက်ပြီး ကုန်ဈေးနှုန်းတွေလည်း ကျဆင်းစေမှာပါ။ ခရီးလမ်းပန်းမချောမွေ့ဘူးဆိုရင်တော့ ကုန်စည်စီးဆင်းမှုတွေ နှောင့်နှေးကြန့်ကြာစေပြီး သယ်ယူပို့ဆောင်ရေးစရိတ်စကတွေကြီးမြင့်စေသည် သာမက ကုန်ပစ္စည်းများရဲ့အရည်အသွေးကိုပါ ထိခိုက်ပျက်စီးစေပြီး စီးပွားရေးကွန်ရက်တစ်ခုလုံး အပေါ် မလိုလားအပ်တဲ့ဆိုးကျိုးတွေ သက်ရောက်စေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တိုင်းပြည် ရဲ့စီးပွားရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဦးတည်ပြီး ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၆ ခုနှစ်ကစတင်ပြီး ကျွန်တော်တို့ တိုင်းပြည် အတွက် စီးပွားရေးရာမဟာဗျူဟာကျတဲ့လမ်းမကြီးတွေကို ပုဂ္ဂလိကကုမ္ပဏီများလက်ဝယ် BOT စနစ်နဲ့ လွှဲပြောင်းလုပ်ကိုင်စေခဲ့ကြောင်း လေ့လာတွေ့ရှိရတဲ့အတွက် အသက်သွေးကြောဖြစ်တဲ့ အချက်အခြာကျသော လမ်းမကြီးအရေအတွက် ၉၀ ရာခိုင်နှုန်းကျော်ဟာဆိုရင် ပုဂ္ဂလိကကုမ္ပဏီများ က BOT စနစ်နှင့် စီမံခန့်ခွဲလျက်ရှိနေကြောင်း သိရှိရပါတယ်။ BOT စနစ်ဆိုတာဟာဆိုရင် ပုဂ္ဂလိက အခန်းကဏ္ဍကို မြှင့်တင်ပေးရာရောက်သလို အဆိုပါလမ်းမကြီးများနှင့် သက်ဆိုင်တဲ့ ကုန်ကျစရိတ် အဝဝကိုလည်း နိုင်ငံတော်ဘဏ္ဍာက သုံးစွဲကျခံစေရန် မလိုလားအပ်တဲ့အတွက် ကျင့်သုံးသင့်တဲ့ စီးပွားရေးစနစ်ကောင်းတစ်ရပ်ဖြစ်တယ်ဆိုတာ သံသယဖြစ်ဖွယ်မရှိပါဘူး။ ဒီလိုဆောင်ရွက်တဲ့အတွက် တစ်ပြည်လုံးနဲ့ ခြုံငုံစဉ်းစားခွဲဝေပေးနေရတဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်ရဖို့ စောင့်ဆိုင်းနေစရာမလိုဘဲ ပြည်သူတွေအနေနဲ့ ပြည့်စုံလုံလောက်တဲ့လမ်းတွေကို အသုံးပြုခွင့်ရကြမှာပါ။ လုပ်ငန်းရှင်တွေဘက် ကလည်း မိမိရင်းထားရတဲ့ငွေတွေကို အချိန်မီအကျိုးအမြတ်ရပါလိမ့်မယ်။ နိုင်ငံကလည်း အခြား အခွန်အခတွေရသလို ကုန်စည်စီးဆင်းမှုကောင်းတာနှင့်အမျှ အဘက်ဘက်က အကျိုးအမြတ်တွေ ရလာမှာဖြစ်ပါတယ်။ သို့သော် ဒီစနစ်မှာ လုပ်ပိုင်ခွင့်ရရှိထားတဲ့ ပုဂ္ဂလိကကုမ္ပဏီများက နိုင်ငံတော်နှင့် ချုပ်ဆိုထားတဲ့ စာချုပ်ပါစည်းမျဉ်းစည်းကမ်းတွေကို တာဝန်ယူမှု၊ တာဝန်ခံရှိရှိနှင့် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် မူလရည်ရွယ်ချက်ဖြစ်သော ပြည်သူလူထုရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးလည်း တစ်ပြိုင်တည်း တိုးတက်ဖြစ်ထွန်းလာမှာပါ။ အပြန်အလှန်အားဖြင့် သက်ဆိုင်ရာပုဂ္ဂလိကကုမ္ပဏီများက စာချုပ်ပါ ကတိကဝတ်တွေကို လိုက်နာမှုအားနည်းပြီး ၎င်းတို့ရဲ့ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက် နေခဲ့မယ်ဆိုရင် လမ်းအသုံးပြုတဲ့ ပြည်သူတွေအားလုံးနဲ့ စီးပွားရေးကွန်ရက်အတွင်းမှာရှိတဲ့ ပြည်သူ လူထုကို အကျိုးမဲ့ ဝန်ပိစေမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့်အတူ တင်ပြခွင့်ပြုပါခင်ဗျား။ ဓာတ်ပုံ တွေဟာ လူမှုကွန်ရက်နှင့် သတင်းတွေမှာ လွှတ်တော်ကိုယ်စားလှယ်အပါအဝင် Citizen Journalist တွေရဲ့ပုံတွေပါဝင်တဲ့အတွက် ကြိုတင်ပြီးတော့ တောင်းပန်အပ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရရှိထားတဲ့ကိန်းဂဏန်းအချက်အလက်တွေအရ နိုင်ငံတစ်ဝန်း BOT စနစ်နှင့် ပုဂ္ဂလိက ကုမ္ပဏီ ၂၅ ခုကနေပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့လမ်းမကြီးပေါင်းအား ၆၁ လမ်း ရှိပါတယ်။ လမ်းအရှည်မိုင် ပေါင်းကြည့်မယ်ဆိုရင်တော့ ၃၀၂၅ မိုင်ရှိတယ်လို့ သိရပါတယ်။

စာချုပ်သက်တမ်းနှင့် အများစုက နှစ် ၄၀ ရရှိပြီး အချို့သောကုမ္ပဏီတွေကတော့ ၄၅ နှစ်အထိတောင် လုပ်ကိုင်ခွင့်ရရှိထားပါတယ်။ စာချုပ်ချုပ်တဲ့နှစ်ကာလအပိုင်းအခြားအလိုက်ကြည့်မယ်ဆိုရင် ၁၉၉၆ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အတွင်းမှာ လမ်းမကြီး ၁၉ ခု၊ ၂၀၁၀ ခုနှစ်ကနေပြီးတော့ ၂၀၁၆ ခုနှစ် မတ်လ အတွင်းမှာဆိုရင် လမ်းမကြီးပေါင်း ၄၂ ခု စုစုပေါင်း ၆၁ ခုကို BOT စနစ်နဲ့ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီလိုနိုင်ငံတစ်ဝန်းမှာ လွန်ခဲ့တဲ့ အစိုးရအဆက်ဆက်က စာချုပ်ချုပ်ဆိုလုပ်ပိုင်ခွင့် ပေးခဲ့တဲ့ BOT လမ်းတွေကို လေ့လာကြည့်တဲ့အခါမှာ စာချုပ်ပါကတိကဝတ်တွေအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကုမ္ပဏီတချို့သာရှိပြီး အများစုကတော့ စာချုပ်ပါ ကတိကဝတ်ထက် ၎င်းတို့ရဲ့ကိုယ်ကျိုးစီးပွားကိုသာ အဓိကထား ရှေးရှု ဆောင်ရွက်နေကြတဲ့အတွက် လမ်းမကြီးတွေဟာ သူတို့တာဝန်ယူစဉ်ကာလနှင့် ထူးမခြားနားဖြစ်နေပြီး ပိုမိုကောင်းမွန်လာခြင်းမရှိလို့ ယာဉ်နဲ့လမ်းနဲ့လည်း မမျှတပါဘူး။ လမ်းအသုံးပြုသူ ပြည်သူလူထုမှာ လည်း နေ့စဉ်နှင့်အမျှ လမ်းအသုံးပြုခသာ ပေးနေရပြီး ငွေကုန်အကျိုးမရှိဖြစ်နေကြရပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ BOT စနစ်ဆိုတာဟာ Build ၊ Operate ၊ Transfer ကို ရည်ညွှန်းဖော်ပြတာဖြစ်ပြီး လုပ်ကိုင်ခွင့်ရရှိတဲ့ကုမ္ပဏီအနေနဲ့ မိမိရရှိထားတဲ့လမ်းပိုင်းကို စာချုပ်ပါ အတိုင်း အသစ်တည်ဆောက်ရမှာပါ။ လုပ်ငန်းတွေကို မဖြစ်မနေကြိုတင်ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ကြ ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ မူလရှိပြီးလမ်းတွေကို စာချုပ်ပါစံချိန်စံညွှန်းအတိုင်း စာချုပ်ပါသက်တမ်းအတွင်း တည်ဆောက်ပြုပြင်ပြီး နိုင်ငံတော်အစိုးရက ကျေနပ်ပြီဆိုမှ စတင်ငွေ ကောက်ခံရမှာဖြစ်ပါတယ်။ သို့သော် အများစုက ရှိပြီးသားလမ်းတွေကို ဟိုနေရာဖာ၊ ဒီနေရာထေးနဲ့ သာမန်ကာလျှံကာ ပြင်ထိန်းအလုပ်လောက်လုပ်ပြီး လမ်းအသုံးပြုခတွေကို အပြည့်အဝကောက်ခံ လျက်ရှိနေတာကို စိတ်ပျက်ဖွယ်တွေ့မြင်ရပါတယ်။ သာဓကအနေနဲ့ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ADB ချေးငွေနှင့်ပတ်သက်ပြီး ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို သက်ဆိုင်ရာတာဝန်ရှိတဲ့ BOT ကုမ္ပဏီက စာချုပ်ပါကတိကဝတ်နှင့် လျော်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိတဲ့အတွက် နိုင်ငံတော်က ချေးငွေရယူလမ်းအဆင့်မြှင့်တင် မှာကို ပြည်သူ့ကိုယ်စားလှယ်များက အပြင်းအထန်ကန့်ကွက်ဆွေးနွေးခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါ တယ်။ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအရ တစ်နှစ်ပျမ်းမျှအစီးရေ ၅၀၀ ကျော်မယ်ဆိုရင် လမ်းပေဟာ ၂၄ ပေ၊ ယာဉ်အစီးရေ ၂၀၀၀ ကျော်မယ်ဆိုရင် လမ်းအကျယ်ပေက ၄၈ ပေ၊ အသစ်ဖောက်ပြုပြင် ပေးရမယ်လို့ အတိအလင်းဖော်ပြပါရှိပေမဲ့ သက်ဆိုင်ရာကုမ္ပဏီအနေနဲ့ ရန်ကုန်-ပုသိမ်လမ်းရဲ့ တစ်နေ့ပျမ်းမျှ ယာဉ်အစီးရေ ၆၀၀၀ ကျော်သည့်တိုင် ၎င်းတို့တာဝန်ယူစဉ်က လမ်းအကျယ်အတိုင်း သာထားရှိပြီး လမ်းအသုံးပြုခကိုသာ တွင်တွင်ကျယ်ကျယ်ကောက်ခံနေတာ ဒီနေ့အချိန်အထိပါပဲ။ အကျိုးဆက်အနေနဲ့ ယာဉ်အသွားအလာ တစ်နေ့တခြားတိုးတက်များပြားလာချိန်မှာ လမ်းက လုံလောက်အောင် ကျယ်ဝန်းကောင်းမွန်မှုမရှိတဲ့အတွက် ခရီးလမ်းနှောင့်နှေးကြန့်ကြာရသလို မကြာခဏယာဉ်တိုက်မှုတွေ၊ တိမ်းမှောက်မှုတွေဖြစ်လာပြီးတော့ ပြည်သူလူထုရဲ့ အသက်စည်းစိမ် လွင့်ပါးဆုံးရှုံးမှုတွေကလည်း စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြားသိနေရပါတယ်။ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းမှာဆိုရင် သက္ကရာဇ် ၂၀၀၀ လောက်ကတည်းက BOT စနစ်နဲ့ ပုဂ္ဂလိကကုမ္ပဏီ

တစ်ခုက တာဝန်ယူလုပ်ကိုင်ခဲ့ပေမဲ့ စာချုပ်ပါကတိကဝတ်အတိုင်း လမ်းကို ၁၈ နှစ်တိုင်တိုင် ထိုက်တန်တဲ့အရည်အသွေးဖြစ်အောင် အဆင့်မြှင့်တင်ဖောက်လုပ်ပြုပြင်ခြင်းမရှိတဲ့အတွက် ဒီကနေ့ အချိန်အထိ နှစ်စဉ် ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပွားလျက်ရှိတာကို သတင်းမီဒီယာတွေမှာ မကြာခဏ တွေ့မြင်ဖတ်ရှုနေကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။

အဆိုပါလမ်းဟာ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးအတွက် အင်မတန်အရေးကြီးတဲ့ မဟာဗျူဟာမြောက် လမ်းမကြီးတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတစ်ဝန်းလုံးက ကုန်စည်ရောင်းဝယ်တင်ပို့သူတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်သူတွေ၊ မော်တော်ယာဉ်ပိုင်ရှင်တွေအတွက် တစ်ရက်ဆိုရင် ဆိုသလောက် အချိန်ဟာ အင်မတန်မှ အရေးပါလှသလို ကုန်စည်များသတ်မှတ်ချိန်အမီ မပို့ဆောင်နိုင်ခဲ့မယ်ဆိုရင်တော့ ဆုံးရှုံးနစ်နာမှုတွေကလည်း အတိုင်းမသိကြီးမားလှပါတယ်။ အခု Power Point မှာဆိုရင် အခြားပုံတွေနဲ့အတူ လွန်ခဲ့တဲ့ သုံးရက်က ဝါဆိုလပြည့်နေ့တုန်းက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးကိုယ်တိုင် ကွတ်ခိုင်နားက အဲဒီလမ်းပေါ်မှာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ပုံလေးကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာကိုယ်စားလှယ်ကြီးကိုလည်း ကျေးဇူးတင်ကြောင်း ပြောပါရစေ။ တစ်ခါတစ်ရံ လုပ်သလောက်နှင့်ရှိပြီးတော့ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်နေမယ်ဆိုရင် ရာသီပေါ်သီးနှံတွေဖြစ်တဲ့ ဖရဲသီးတွေ လမ်းခုလတ်မှာတင် အမှည့်လွန်ပုပ်သိုးကုန်လို့ လမ်းဘေးမှာ ဒီအတိုင်းပစ်ထားခဲ့ရတာတွေကိုလည်း မကြာခဏတွေ့မြင်ရတဲ့အတွက် အလွန်စိတ်ပျက်ဝမ်းနည်းရပါတယ်။

နယ်စပ်ကုန်သွယ်ရေးဆိုတာ ကျွန်တော် တင်ပြခဲ့သလို သက်ဆိုင်ရာစီးပွားရေးကွန်ရက်အတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေကစလို့ စိုက်ပျိုးထုတ်လုပ်တဲ့ အောက်ခြေကတောင်သူလယ်သမားတွေအထိတောင် ကောင်းကျိုးဆိုးကျိုးသက်ရောက်စေတာမို့ သယ်ယူပို့ဆောင်ရေးလမ်းမကြီးများ အဆင့်မီကောင်းမွန်မှသာ မလိုလားအပ်တဲ့ လေလွင့်ဆုံးရှုံးမှုတွေ၊ ထိခိုက်နစ်နာမှုတွေ ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။ မနေ့ကပဲ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ် စုံးမိုးတဲ့နေရာမှာ လမ်းများမကောင်းခြင်းကြောင့် ပြည်သူတွေရဲ့ ငွေတွေ၊ အချိန်တွေကုန်ရတာ၊ ကုန်စည်စီးဆင်းမှုတွေ နှောင့်နှေးပြီးတော့ ကုန်ဈေးနှုန်းတွေတက်ရတာတွေကို အထူးဂရုပြုပြီး ပြောသွားခဲ့တာ အားလုံးကြားခဲ့ကြမယ်ထင်ပါတယ်။ ကျွန်တော် ကနဦးတင်ပြဆွေးနွေးခဲ့သလို BOT စာချုပ်ဆိုတာ အနည်းဆုံး နှစ် ၄၀ သက်တမ်းရှိတဲ့ နှစ်ရှည်စာချုပ်တွေဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့စီးပွားရေးနှင့် ပြည်သူလူထုရဲ့ လူမှုစီးပွားရေးအပေါ် အခု ပစ္စုပ္ပန်တင်မက နောက်နှစ်ပေါင်းများစွာအထိ နိစ္စဓူဝ အကျိုးသက်ရောက်မှုရှိနေမယ့်စာချုပ်တွေဖြစ်ပါတယ်။ စာချုပ်ပါကတိကဝတ်တွေကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့တဲ့ကုမ္ပဏီတွေကို ပြည်သူလူထုရဲ့အကျိုးစီးပွားကို ရှေးရှုပြီး သင့်တော်သလို အရေးယူဆောင်ရွက်ရန် အားနည်းခဲ့တဲ့ အဆက်ဆက်သောအစိုးရတွေကို ပြစ်တင်ညည်းညူနေရုံနဲ့ လမ်းမကြီးတွေဟာ အလိုလိုကောင်းမွန်လာမှာမဟုတ်ပါဘူး။ ရှေ့မှာဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်၊ လစ်ဟာချက်၊ ပျက်ကွက်ချက်တွေကို သင်ခန်းစာယူပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်တဲ့ စီမံထိန်းချုပ်မှုတွေ၊ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေ အမြန်ဆုံးကုစားနိုင်ရေးဟာ အလွန်အရေးကြီး

တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ ဆွေးနွေးသုံးသပ်အတည်ပြုပြီး ဒီလုပ်ငန်းစဉ်မှာပါဝင်တဲ့ ပြည်သူရယ်၊ အစိုးရရယ်၊ လုပ်ငန်းရှင်ရယ်အားလုံး ကောင်းကျိုးရရှိဖို့ မှန်မှန်ကန်ကန်နဲ့ ပြတ်ပြတ်သားသား စီမံခန့်ခွဲပေးနိုင်ပါရန် လေးနက်စွာတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဆွေဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီနေ့ ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတစ်ဝန်းမှာ ကျွန်တော်တို့အားလုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲရေးကိစ္စအဝဝအတွက် လမ်းတွေကို မှီခိုအားထားနေရပါတယ်။ မငြင်းနိုင်ပါဘူး။ နိုင်ငံအဝန်းလိုအပ်ချက်အနေနဲ့ မြို့ကြီး၊ ပြကြီးတွေကနေ နယ်မြို့တွေအပြင် ကျေးလက်တောရွာလေးတွေအထိ လမ်းတွေဟာလိုအပ်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ၂၀၁၁ ဒီမိုကရေစီအစိုးရစတင်လာခဲ့တဲ့အချိန်ကစပြီး ကျေးလက်လမ်းတွေကို အဆင့်မြှင့်တင်ဖော်ဆောင်ခဲ့ကြသလို ဒီနေ့ ပြည်သူ့အစိုးရလက်ထက်မှာတော့ နိုင်ငံတစ်ဝန်းကလမ်းတွေကို သိသိသာသာအဆင့်မြှင့်တင်လာခဲ့တာ လွန်ခဲ့တဲ့နှစ်နှစ်ကာလအတွင်းမှာ အင်မတန်သိသိသာသာမြင်နေရတာဖြစ်ပါတယ်။ ဒီအထဲမှာမှ နိုင်ငံ့ဘဏ္ဍာငွေသက်သာအောင်၊ ပြည်သူလူထုလည်း လမ်းကောင်းတွေအမြန်ဆုံးရအောင် သင့်တော်တဲ့အဆင့်ထိ ဖြစ်မြောက်မလာခဲ့ရင်လည်း တာဝန်ယူ၊ တာဝန်ခံသူကို တိုက်ရိုက်တွေ့မြင်ဝေဖန်အရေးယူဆောင်ရွက်နိုင်အောင်၊ လုပ်ငန်းရှင်လည်း အကျိုးအမြတ်ရအောင်လုပ်နိုင်တဲ့ BOT လမ်းစနစ်ဟာ အင်မတန်ကျင့်သုံးသင့်တဲ့စနစ်ဖြစ်တာ တွေ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်ဝန်းမှာ လွန်ခဲ့တဲ့အစိုးရအဆက်ဆက်က စာချုပ်ချုပ်ဆို တာဝန်လွှဲအပ်ခဲ့တဲ့ BOT လမ်းတွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ တာဝန်ယူမှုပြည့်တဲ့၊ တာဝန်ခံမှုရှိတဲ့လမ်းတွေကြောင့် အများပြည်သူစိတ်ချမ်းသာစွာအသုံးပြုကြ လမ်းအသုံးပြုခကိုလည်း ကျေကျေနပ်နပ်ပေးဆောင်ကြတဲ့ လမ်းမကြီးများကတစ်ပိုင်း၊ ပြည်သူလူထုကျေနပ်မှုမရှိတဲ့ လမ်းတွေကလည်းတစ်ပိုင်း များစွာတွေ့နေရတဲ့အတွက် ဒီနေ့ ဦးကျော်ဆွေဝင်းအနေနဲ့ ဒီအဆိုကိုတင်သွင်းခဲ့တာဖြစ်တယ်လို့ ယုံကြည်အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကြည့်ကြပါစို့။ အဲဒီနိုင်ငံတွေမှာ BOT လမ်းပေါင်းများစွာနဲ့ ဖွဲ့စည်းတည်ဆောက်ထားပြီး လမ်းတွေဟာ အရည်အသွေးကောင်းမွန်သလို ပြည်သူတွေဟာလည်း စိတ်ချမ်းသာစွာအသုံးပြုကြ၊ ကုန်စည်တွေဟာလည်း ချောမောစွာစီးဆင်းနေကြ၊ တည်ဆောက်တဲ့လုပ်ငန်းရှင်ကုမ္ပဏီတွေကလည်း ဝင်ငွေတွေတိုးတက်ရရှိနေကြတာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်စေဖို့အတွက် လွယ်ကူတာတော့

မဟုတ်ပါဘူး။ အဲဒီနိုင်ငံတွေမှာ Quality Control လုပ်ရတဲ့ အစိုးရဌာနတွေက တင်းတင်းကြပ်ကြပ် တာဝန်ခံစစ်ဆေးကြသလို ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီကလည်း တာဝန်ယူပြင်ဆင်ပေးနေကြပါတယ်။ မြန်မာနိုင်ငံနယ်စပ်ဂိတ်ဝကထွက်တာနဲ့ တွေ့ရမယ့် ဒီ BOT လမ်းမကြီးတွေဟာ သက်ဆိုင်ရာအစိုးရက ပြည်သူလူထုအခွန်ဘဏ္ဍာနဲ့ တည်ဆောက်ပေးထားတာမဟုတ်ပါဘူး။ ဆိုလိုချင်တာက BOT လမ်းကိစ္စဟာ တိုင်းပြည်ဆင်းရဲတာ၊ ချမ်းသာတာနဲ့ လုံးဝမသက်ဆိုင်ပါဘူး။ သူတို့လုပ်နိုင်သလို ကျွန်တော်တို့ လုပ်နိုင်သလားဆိုတာနဲ့ပဲ သက်ဆိုင်ပါတယ်။ အများကြီးစဉ်းစားဖို့ လိုအပ်နေပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အနီးစပ်ဆုံးဥပမာအဖြစ် ကျွန်တော့်မဲဆန္ဒနယ်တစ်ဝိုက်က ပြည်သူတွေနေ့စဉ်ဖြတ်သန်းအသုံးပြုနေရတဲ့ လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ BOT လမ်းမကြီးနဲ့ ဥပမာပေးပြီး ဒီအဆိုကို ထောက်ခံလိုပါတယ်။ မိုင် ၆၀ အရှည်ရှိပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒီ Power Point ကိုတင်ပြတဲ့အခါမှာ အကြောင်းတိုက်ဆိုင်မှုရှိရင် နိုင်ငံအတွက်ဖြစ်တာဖြစ်တဲ့အတွက် ခွင့်လွှတ်ဖို့တောင်းပန်အပ်ပါတယ်။ ဒီလမ်းဟာ လှိုင်သာယာ-တွံတေး ခုနကျွန်တော်ပြောခဲ့တဲ့ လမ်းကြီးပဲဖြစ်ပါတယ်။ ဒီလမ်းမှာ အပိုင်းခြောက်ပိုင်းပါပါတယ်။ လှိုင်သာယာ-တွံတေးလမ်း၊ ကျွန်တော့်မဲဆန္ဒနယ်ကိုတိုက်ရိုက်ဆက်သွယ်တဲ့ ဒလ-ပျော်ဘွယ်လေး-ကံဘဲ့တစ်လမ်း၊ တွံတေးမြို့ရှောင်လမ်း၊ တွံတေး-ကော့မှူးလမ်း၊ ကော့မှူး-ကွမ်းခြံကုန်းလမ်း၊ ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပါဝင်ပါတယ်။ ဒီလမ်းတွေမှာ နေ့စဉ်ယာဉ်အစီးရေ ၅၀၀ ကျော်တာနဲ့ ၂၄ ပေအကျယ်၊ ယာဉ်အစီးရေ ၂၀၀၀ ကျော်တာနဲ့ ၄၈ ပေအကျယ် ကတ္တရာကို လုပ်ခွင့်ရကုမ္ပဏီက ခင်းပေးဖို့ BOT စာချုပ်မှာ အတိအကျဖော်ပြထားပါတယ်။ ဒါပေမဲ့ BOT စာချုပ် ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ကစတင်ချုပ်ဆိုခဲ့ပြီး စာချုပ်အရ သုံးနှစ်ပြည့်တဲ့နေ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၈ နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျေနပ်တဲ့အဆင့်ထိ ပြင်ဆင်ပြီးတဲ့အချိန်မှာ လမ်းအသုံးပြုခ စတင်ကောက်ခံရမှာဖြစ်ပါတယ်။ လက်တွေ့မှာတော့ လှိုင်သာယာ-တွံတေး-ဘုရားငုတ်တိုလမ်းဆုံအထိ ၁၁ မိုင်ကလွဲပြီး ကျန်တဲ့ဘယ်လမ်းပိုင်းမှာမှ ၁၈ ပေ ထက်ပိုမကျယ်စေတဲ့အချိန် ဒီထက်ပြောရရင် ဆောက်လုပ်ရေးက စလွှဲခဲ့တဲ့အခြေအနေကို ဟိုအပေါက်ဖာ ဒီအပေါက်ဖြည့် အဲဒီထက်ပိုမလုပ်နိုင်သေးတဲ့အချိန် ၂၀၁၅ ခုနှစ် မတ်လကုန်လောက်မှာ ငွေစပြီးကောက်ခံခွင့်ပေးခဲ့တာတွေ့ရပါတယ်။ စာချုပ်ပါစည်းကမ်းဖောက်ဖျက်မှုဖြစ်ပါတယ်။ အဲဒီ အချိန်ကတည်းက ကျွန်တော်တို့တွေ လမ်းအသုံးပြုခပေးနေရပါပြီ။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကာလ ဒီလမ်းတွေပေါ်ကိုဖြတ်တိုင်း ကျွန်တော်တို့ အခကြေးငွေပေးပြီးသွားခဲ့ရတာပါ။ အဲဒီအချိန်မှာ ဘာလို့ ဒီလိုငွေကောက်ခံခွင့်တောင်းခဲ့သလဲ၊ ပေးခဲ့သလဲဆိုတာကိုက တာဝန်ယူတဲ့ကုမ္ပဏီကော၊ စစ်ဆေးအုပ်ချုပ်ဖို့တာဝန်ရှိတဲ့ သက်ဆိုင်ရာလမ်းပိုင်းဆိုင်ရာဌာနတွေနဲ့ ဝန်ထမ်းအဖွဲ့အစည်းအဆင့်ဆင့်ကသာဖြေနိုင်တဲ့ မေးခွန်းတွေဖြစ်နေရပါပြီ။ တာဝန်ရှိနေပါပြီ။ ဒါကြောင့်မို့လို့ အဆိုထဲမှာပါဝင်တဲ့ စုစုပေါင်းကုမ္ပဏီ ၂၅ ခုရဲ့ BOT လမ်းပေါင်း ၆၁ လမ်း စုစုပေါင်း မိုင်ပေါင်း ၃၀၂၅ ထဲက တစ်ခုခုမှာတွေ့နေရတဲ့ ဥပမာကို ကိုယ်တွေ့ယှဉ်ပြီးတော့ ပေးနေရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်တင်ပြရမယ်ဆိုရင် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအပြီး ငါးလလောက်အကြာ နွေရာသီမှာတော့ လမ်းကိုပြင်ဆင်လာတာ ထူးခြားစွာတွေ့ခဲ့ရပါတယ်ခင်ဗျ။ ငွေကောက်ခံပြီး တစ်နှစ်ကျော်ကြာမှာဖြစ်ပါတယ်။ ဒီအချိန်မှာ နေ့စဉ်ယာဉ်အစီးရေဖြတ်နေတာဟာ ၂၀၀၀ ကျော်နေပါပြီ။ တိတိကျကျပြောရရင် စာချုပ်အပိုဒ် ၃ (ဠ)အရ လမ်းအကျယ် ကတ္တရာလမ်းဟာ ၄၈ ပေဖြစ်ရမှာဖြစ်ပေမဲ့ အခုချိန်ထိ ဆက်ပြင်လိုက်တာ အကောင်းဆုံးဖြစ်အောင်လုပ်ထားတဲ့ ကော့မှူးလမ်းပိုင်းတွင် ဘယ်နေရာမှာမှ လေးလမ်းသွား ၄၈ ပေ ပီပီပြင်ပြင်မဖြစ်သေးတာကို တွေ့ရှိနေရပါတယ်။ အင်မတန်စိတ်ဝင်စားဖို့ကောင်းပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်မှာလည်း စာချုပ်အရ လမ်း/တံတားအသုံးပြုကောက်ခံသည့်ဂိတ်ကို လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက အဆင့်မီအောင် စတီး၊ အလူမီနီယံစသည်တို့ဖြင့် စနစ်တကျတည်ဆောက်ရမယ်၊ အထွက်နေရာများမှာလည်း အနည်းဆုံးလေးလမ်းသွား အဆင့်မီဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိပါတယ်။ ဒါပေမဲ့ အကြီးဆုံးဖြစ်တဲ့ ပန်းလှိုင်တံတားအဆင်း Toll Gate ကစပြီး ဘယ်ဂိတ်မှာမှ လေးလမ်းသွားမဖြစ်သေးတာ၊ အဆင့်မြင့်ဂိတ်မဖြစ်သေးတာလဲ ဒီနေ့ထိဖြစ်နေပါတယ်။ ဒါကလည်း စာချုပ်စည်းကမ်းဖောက်ဖျက်မှုတစ်ခုပါပဲ။ ဒါတွေကို သက်ဆိုင်ရာဌာနအဆင့်ဆင့်က ကုမ္ပဏီတွေက မသိစရာအကြောင်းမရှိပါဘူး။ အရေးကြီးတာက အဲဒီလိုစာချုပ်နဲ့ မညီညွတ်တဲ့ ကိစ္စတွေဖြစ်နေကြပြီဆိုပါတော့။ ပြည်သူတွေအနေနဲ့ ပထမအချက် လမ်းအသုံးပြုခပေးဆောင်ဖို့ တာဝန်မရှိတော့ပါဘူး။ စာချုပ်အရရော၊ ဥပဒေအရရော ပြောရမှာဖြစ်ပါတယ်။ ဒုတိယအချက် စာချုပ်အပိုဒ် ၁၅(ခ)အရ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ပျက်ကွက်မှုကြောင့် ပြီးစီးရန် သတ်မှတ်ထား သောကာလထက်ကျော်လွန်ပြီးမှ ပြီးစီးမှုအတွက် လုပ်ငန်းနှောင့်နှေးကြန့်ကြာသော ရက်များအတွက် ရက်လွန်ကြေးအဖြစ် တစ်ရက်လျှင်ရင်းနှီးမြှုပ်နှံသည့်စီမံကိန်းတန်ဖိုး စုစုပေါင်းရဲ့ ၀.၁ ရာခိုင်နှုန်းကို ပေးသွင်းရမည်ဆိုတဲ့အတိုင်း ဒဏ်ကြေးပေးဆောင်ရင်း စာချုပ်ပါအရည်အသွေးနှင့် နိုင်ငံတော်ကို ပြည်သူတွေကျေနပ်သည်အထိ လုပ်ပေးနေရမှာဖြစ်ပါတယ်။ ဒီလမ်းရဲ့ Investment ဟာ ကျပ်သန်းပေါင်း ၉၀၀၀ ကျော်ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ထိ ရက်ပေါင်း ၆၆၀ ဖြစ်ပြီးတော့ နိုင်ငံတော်က ၆၂ ဘီလီယံကျော် ရသင့်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်က မရသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် သံသယဖြစ်မိတာက နိုင်ငံတော်အစိုးရကို ကိုယ်စားပြုချုပ်ဆိုထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စာချုပ်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ပြီး ခရီးသွားပြည်သူတွေရဲ့ပိုက်ဆံကို ကောက်ယူနေတဲ့လုပ်ငန်းရှင်ကုမ္ပဏီကို ဒီနေ့ထိ အရေးမယူဘဲ နေနေတာကို သံသယဖြစ်မိပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် BOT လုပ်ငန်းရှင်တွေ တွေ့ဆုံစည်းဝေးတဲ့အခါမှာ အဲဒီလုပ်ငန်းရှင်ကုမ္ပဏီက အဲဒီဖောက်ဖျက်မှုတွေကို လွန်ခဲ့တဲ့ မေလမကုန်မီ ပြုလုပ်ပေးပါမယ်လို့ ကတိထပ်မံပေးခဲ့ပါသေးတယ်။ ဒီနေ့အထိ လုပ်သင့်တာတွေကို မလုပ်ခဲ့တာလဲ။ အခုထိစာချုပ်ဖောက်ဖျက်ကတိပျက်ကွက်မှုနဲ့ သက်ဆိုင်ရာက အရေးမယူနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မဲဆန္ဒနယ်မြေက မဲဆန္ဒရှင်တွေဟာ

ဒီကိစ္စ၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ကျွန်တော်တို့ရဲ့ Popular မေးခွန်းဖြစ်လို့နေမှာပါ။ ဒီဥပမာကိုသက်သေပြုပြီး နိုင်ငံနှင့်အဝန်း BOT လမ်းစနစ်၊ Private-Public Partnership စနစ်ကောင်းတွေပေါ်ထွန်းလာဖို့ ဦးကျော်ဆွေဝင်းရဲ့အဆိုကို ဆွေးနွေးသင့်ကြောင်း ထင်ရှားသိသာနေပြီဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလွှတ်တော်ကြီးထဲမှာ ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေမှာလည်း ကျွန်တော့်နည်းတူ၊ ကျွန်တော့်ဒေသနည်းတူ သူတို့ဒေသပြည်သူတွေ ခံစားနေရတဲ့ အသုံးပြုနေရတဲ့ B.O.T လမ်းတွေမှာ အလားတူအခြေအနေတွေ၊ မတူကွဲပြားတဲ့အခြေအနေတွေ ရှိနေမှာဖြစ်ပြီး အဲဒါတွေကို သူတို့တတွေသာ ဆွေးနွေးခွင့်ရရင် ကျွန်တော်တို့လည်း အကြောင်းမျိုးစုံကြားရ၊ မြင်ရ၊ သိရ၊ တွေ့လာရဦးမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ကာလလွှတ်တော်တွေထဲမှာလည်း ဒီကိစ္စမျိုးတွေကို တစ်စွန်းတစ်စအနေနဲ့ရော၊ တည့်တည့်ဝေဖန်လို့ရော ကြားထားခဲ့တာတွေ ရှိနေပြီမို့ ဦးကျော်ဆွေဝင်းရဲ့အဆိုကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုပေးဖို့ နိုင်ငံ့အကျိုးကိုရှေးရှု၍ လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ ဆက်လက်ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးကျော်ဆွေဝင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်ဆွေဝင်း၊ ကော့မှူးမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် BOT (Build, Operate, Transfer)စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့်ချုပ်ဆိုခဲ့ကြသော စာချုပ်ပါစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြခြင်း ရှိ/မရှိစိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလာစေရေး စီမံခန့်ခွဲထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့် PPP(Private-Public Partnership)ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးကျော်ဆွေဝင်း၊ ကော့မှူးမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၁-၇-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ နိုင်ငံ့ တစ်ဝန်းရှိ လမ်းနှင့်ပတ်သက်ပြီး မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက် ခဲ့ပါတယ်။ ဒီနေရာမှာ မိမိအနေနဲ့တင်ပြလိုတာကတော့ ဒီလမ်းတွေမှာ အဓိကလိုအပ်ချက်ဟာ ဝန်ကြီးဌာနအနေနဲ့ Quality Control ကို တိတိကျကျကြပ်မတ်ဆောင်ရွက်ပေးဖို့ဖြစ်ကြောင်းတို့ကို အသိပေးပြောကြားလိုပါတယ်။ အဲဒါကြောင့် ဒီကိစ္စဟာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ကိစ္စဖြစ်ပါတယ်။ ဒီနေ့တင်သွင်းသွားတဲ့မေးခွန်း၊ အဆိုအပိုဒ်တွေဟာ တိုင်းပြည်အတွက် လည်းအကျိုးရှိမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကိုတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသောဧည့်သည်တော်များကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကြီးက လက်ခံစဉ်းစားဆွေးနွေးအတည်ပြုနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးထံ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျင့်သုံးနေတဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ဤလွှတ်တော်ကြီးက ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁၀)ဖြင့် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း ယင်းဥပဒေမှာ စားသုံးသူများရဲ့အကျိုး စီးပွားကို ထိထိရောက်ရောက်အကာအကွယ်ပေးနိုင်ရန် အရေးကြီးတဲ့အခြေခံအချက်များ ထည့်သွင်း ပြဋ္ဌာန်းရန် အားနည်းချက်များရှိနေတာကိုတွေ့ရှိရပြီး လက်တွေ့အကောင်အထည်ဖော်ရာမှာလည်း အခက်အခဲနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ဥပဒေမှာ ဗဟိုကော်မတီ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ နဲ့ စားသုံးသူရေးရာဦးစီးဌာနတို့ရဲ့လုပ်ငန်းတာဝန်များ၊ ရောထွေးမှုများရှိနေခဲ့ပါတယ်။ သို့ဖြစ်၍ စားသုံးသူများရဲ့အကျိုးကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်မယ့် ပိုမိုပြည့်စုံသောဥပဒေ တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ဥပဒေအသစ်တစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ စားသုံးသူ ကာကွယ်ရေးဥပဒေသစ်ကိုရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများရဲ့

သဘောထားမှတ်ချက်၊ အကြံပြုချက်များ၊ ဥပဒေပညာရှင်များနဲ့ ဘာသာရပ်ဆိုင်ရာပညာရှင်များရဲ့ အကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့်ရယူခဲ့တဲ့အပြင် အာဆီယံစားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာလမ်းညွှန်ချက်များ၊ အာဆီယံနိုင်ငံများရဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေများကို လေ့လာပြီး အာဆီယံနိုင်ငံများနှင့် လိုက်လျောညီထွေရှိပြီး မိမိတို့နိုင်ငံနှင့်လည်း ကိုက်ညီမယ့်အချက် များကို ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ယခုတင်ပြတဲ့၊ အသစ်ပြန်လည်ရေးဆွဲထားတဲ့ဥပဒေကြမ်းအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့်လည်း အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ပြန်လည်ရေးဆွဲထားတဲ့ စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၇)သို့ တင်ပြခဲ့ရာ ပြည်ထောင်စု လွှတ်တော်သို့တင်သွင်းရန် မူအားဖြင့် သဘောတူညီခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အဆင့်ဆင့်ညှိနှိုင်း ရေးဆွဲထားတဲ့ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ဤပြည်သူ့လွှတ်တော်ကြီးက လက်ခံစဉ်းစား ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ စားသုံးသူ ကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာ တွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၁၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၀၇

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၁၀-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၂၄)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊

(ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊

(င) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း လိုက်နာဆောင်ရွက်လာနိုင်စေရန်၊

(စ) စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်ရန်၊

(ဆ) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရန်နှင့် ယင်းအဖွဲ့များ အားကောင်းခိုင်မာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ပေးမှုများနှင့် ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၆-၇-၂၀၁၈ ရက်၊ ၂၄-၇-၂၀၁၈ ရက်နှင့် ၂၅-၇-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၀၇
ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဇူ လိုင် လ ၂၆ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၁၀-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၂၄)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊

( ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်၊

( ဂ) စားသုံးသူ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊

( င) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း လိုက်နာဆောင်ရွက်လာနိုင်စေရန်၊

(စ) စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်ရန်၊

(ဆ) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရန်နှင့် ယင်းအဖွဲ့များအား ကောင်းခိုင်မာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ပေးမှုများနှင့် ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၆-၇-၂၀၁၈ ရက်၊ ၂၄-၇-၂၀၁၈ ရက်နှင့် ၂၅-၇-၂၀၁၈ ရက်တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းတွင် အခန်း (၂၆) ခန်းနှင့် အပိုဒ်ပေါင်း ၈၇ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

**စားသုံးသူကာကွယ်ရေးဥပဒေ**

**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**( ၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ရှိ ငွေကြေးစသည့်ကိစ္စရပ်များ ပါဝင်ပြီး ကိုယ်စားတရားစွဲဆို တောင်းခံပိုင်ခွင့် ကိစ္စရပ်မပါဝင် ဆိုသည့်စကားရပ်ကို ငွေကြေး စသည့် ကိစ္စရပ်များလည်း ပါဝင်သည်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) လိမ်လည်လှည့်ဖြားခြင်း ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မှားယွင်းသောဖော်ပြခြင်းဖြင့်ဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ စားသုံးသူကလွဲမှားစွာလက်ခံစေရန် ရည်ရွယ်၍ ဆောင်ရွက်မှုကို ဆို သည်။

( င)　အပိုဒ် ၂ အပိုဒ်ခွဲ(ဠ)ရှိ ဥပဒေနှင့်မညီသောဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( စ)　အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ရှိ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများက ဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဟု ပြင်ဆင်ပါသည်။

(ဆ)　အပိုဒ် ၂ အပိုဒ်ခွဲ(န)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(န)　စစ်ဆေးရေးအရာရှိဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးနိုင်ရန်အလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သည့် ဒုတိယဦးစီးမှူးအဆင့်အောက် မနိမ့်သောသူကိုဆိုသည်။

( ဇ)　အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(င)ရှိ လိုက်နာဆောင်ရွက်လာနိုင်စေရန်၊ ဆိုသည့်စကားရပ်ကို လိုက်နာဆောင်ရွက်စေရန်ဟုလည်းကောင်း အပိုဒ်ခွဲ(စ)ရှိ ကာကွယ်ပေးနိုင်ရန်ဆိုသည့် စကားရပ်ကို ကာကွယ်ပေးရန်ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(ဈ)　အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) ရှိ အစိုးရဌာနနှင့်အစိုးရ အဖွဲ့အစည်းများ၏ ဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဟု ပြင်ဆင်၍၊ အပိုဒ်ခွဲ(ခ)ရှိ မဂဏန်းဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ည)　အပိုဒ် ၈ ရှိ ကော်မရှင်ဥက္ကဋ္ဌက ခွင့်ပြုနိုင်သည်ဆိုသည့် စကားရပ်ကို ကော်မရှင်ဥက္ကဋ္ဌကခွင့်ပြုရမည်ဟု ပြင်ဆင်ပါသည်။

( ဋ)　အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( ဌ)　အပိုဒ် ၁၁ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၁။　ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော မည်သည့်ကော်မရှင်အဖွဲ့ဝင်ကိုမဆို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်းတွေ့ရှိလျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်စဲနိုင်သည်။

(ဍ)　အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဇ) ရှိ ကော်မတီကတင်ပြလာသည့် ဆိုသည့်စကားရပ်ကို ဦးစီးဌာန သို့မဟုတ် ကော်မတီက တင်ပြလာသည့်ဟု ပြင်ဆင်ပါသည်။

(ဎ)　အပိုဒ် ၁၂ အပိုဒ်ခွဲ(ဠ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဠ)　စားသုံးသူများအား ကြီးမားသော ဘေးအန္တရာယ် ဖြစ်ပေါ်စေခဲ့လျှင် သို့မဟုတ် နစ်နာဆုံးရှုံးစေခဲ့လျှင် လိုအပ်သလို အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပ၍ စီမံဆောင်ရွက်ခြင်း။

(ဏ)　အခန်း(၅) အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆) ရှိ ရယူစုဆောင်းခြင်း များအား စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်ခြင်း ဆိုသည့်စကားရပ်ကို ရယူစုဆောင်းခြင်းများကို စစ်ဆေးရေးအရာရှိအား တာဝန်ပေးအပ်ခြင်းဟုလည်းကောင်း၊

အပိုဒ်ခွဲငယ်(၇) ရှိ တားဆီးဖော်ထုတ်နိုင်ရန် ဆောင် ရွက်ခြင်း ဆိုသည့်စကားရပ်ကို တားဆီးဖော်ထုတ်နိုင်ရန် ဆောင်ရွက်ခြင်းနှင့် ဒဏ်ကြေးငွေချမှတ်ခြင်းဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(တ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၄) ရှိ ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ ပါ ဟုလည်းကောင်း၊ ပုဒ်မ ၅၃ တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၅၂ တွင် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၅) ရှိ ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ ပါ ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၆) ရှိ ပုဒ်မ ၇၃ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၇၁ ပါဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( ဒ) အခန်း(၆) အပိုဒ် ၁၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၄။ စစ်ဆေးရေးအရာရှိသည် တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှ ပပျောက်စေရန် အလို့ငှာ ကုန်စည်နှင့်ဝန်ဆောင်မှု စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ပါက တာဝန်ယူဆောင်ရွက်ရမည်။

(ဓ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ) (င) (စ) နှင့် (ဆ) တို့ကို အပိုဒ်ခွဲ(ဇ) (ဃ) (င) နှင့် (စ) တို့အဖြစ် ပြင်ဆင်ပါသည်။

(န) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဆ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ဆ) စောင့်ကြည့်စစ်ဆေး တွေ့ရှိမှုများကို သက်ဆိုင်ရာ ဦးစီးမှူးရုံးသို့ တင်ပြခြင်း၊

( ပ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ည) ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဋ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးမှူးရုံးက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

( ဖ) အခန်း(၇) အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) ကို ပယ်ဖျက်ပါသည်။

( ဗ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ရှိ မဂဏန်းဖြင့် ဆိုသည့်စကားရပ်ကို အဖွဲ့ဝင်များဖြင့် ဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၁၈ ကို ပယ်ဖျက်ပါသည်။

(မ) အခန်း(၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(င) ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ ပါ ဟုလည်းကောင်း၊ ပုဒ်မ ၅၄ တွင် ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၃ တွင် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၁၉ အပိုဒ်ခွဲ(စ) ကို အပိုဒ် ၁၈ အပိုဒ်ခွဲ (စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၅၃ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၂ အရ ဟု ပြင်ဆင်ပါသည်။

(ရ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဈ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဈ) လိုအပ်ပါက ကော်မရှင်၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စားသုံးသူရေးရာ ကော်မတီနှင့် ခရိုင် စားသုံးသူရေးရာ ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးခြင်း။

(လ) အခန်း(၉) အပိုဒ် ၂၀ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(စ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဖြစ်ပေါ်လာနိုင်သောဆိုသည့် စကားရပ်ကို ဖြစ်ပေါ်လာသည့်ဟု ပြင်ဆင်ပါ သည်။

(ဝ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စွပ်စွဲပြောဆိုမှု ပြုလုပ်ခြင်းတို့ကို ဆိုသည့် စကားရပ်ကို စွပ်စွဲပြောဆိုမှု ပြုလုပ်မှုတို့ကို ဟု ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း ဆိုသည့်စကားရပ်ကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန် ပြောဆိုခြင်း ဟု ပြင်ဆင်ပါသည်။

(ဟ) အခန်း (၁၀) အပိုဒ် ၂၂ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၁ အပိုဒ်ခွဲ (ဂ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဖြောင့်မတ်မှန်ကန်စွာဖြင့် ဆိုသည့် စကားရပ်ကို ဖြောင့်မတ် မှန်ကန်စွာ ဟု ပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၂၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(စ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(စ) ဝယ်ယူအသုံး မပြုမီ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ထပ်မံ ပေးချေရမည့် အဖိုးစားနားကို စားသုံးသူမှ သိရှိစေရန် အတိအလင်း ဖော်ပြပေးခြင်း၊

(အ) အပိုဒ် ၂၂ အပိုဒ်ခွဲ (ဈ) ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ဈ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ ရှိ ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း ဆိုသည့် စကားရပ်ကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန် ပြောဆိုခြင်းဟု ပြင်ဆင်ပါသည်။

မူကြမ်း

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဋ) ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ဋ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အလေးထားခြင်းနှင့် လိုက်နာဆောင်ရွက်ပေးခြင်း ဆိုသည့်စကားရပ်ကို အလေးထားလိုက်နာဆောင်ရွက်ခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၁) အပိုဒ် ၂၃ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၂၂။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းချသည့် ကုန်စည်တွင် သာမန် အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲနိုင်မှု နှင့်စပ်လျဉ်းသည့် အချက် အလက်များကို စားသုံးသူအား အသိပေးရမည်။

( - ) အခန်း(၁၂) အပိုဒ် ၂၅ ခြေဆင်းကို အပိုဒ် ၂၄ ခြေဆင်းအဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၂၄။ ပုဒ်မ ၂၃ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက် ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အသုံးပြု နိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်း မပြုလျှင် ဖြစ်စေ၊ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြခြင်းမရှိလျှင်ဖြစ်စေ စားသုံးသူသည် အောက်ပါ အချက်တစ်ရပ်ရပ်ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

( - ) အပိုဒ် ၂၆ ခြေဆင်းကို အပိုဒ် ၂၅ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၂၅။ ပုဒ်မ ၂၃ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံ ချက် ပေးထားပြီး ရောင်းချသည့် ကုန်စည်နှင့်စပ်လျဉ်း၍ စားသုံးသူသည် အောက်ပါ တို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

( - ) အခန်း (၁၃) အပိုဒ် ၂၇ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၆ အပိုဒ်ခွဲ (ဂ) အဖြစ် စားသုံးသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၄) အပိုဒ် ၂၈ ခြေဆင်းကို အပိုဒ် ၂၇ ခြေဆင်းအဖြစ် အောက်ပါ အတိုင်း ပြင်ဆင် ပါသည်-

၂၇။ ပုဒ်မ ၂၆ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက် ပေးထားသည့် ကာလအတိုင်း ဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှု ပေးရန်ပျက်ကွက်လျှင် စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့် ရှိသည်-

( - ) အခန်း(၁၅) အပိုဒ် ၂၉ ကို အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၂၈။ ဦးစီးဌာနသည် စားသုံးသူများအသုံးပြုမည့် ကုန်စည် သို့မဟုတ် ဝန် ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကော်မရှင်၏ သဘောတူညီချက်နှင့်အညီ ဦးစားပေးကဏ္ဍများ သတ်မှတ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

မူကြမ်း

( - ) အခန်း(၁၆) အပိုဒ် ၃၁ ကို အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လိုအပ်ပါက ဆိုသည့်စကားရပ်ကို ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါကဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၇) အပိုဒ် ၃၆ ခေါင်းစဉ်ကို အပိုဒ် ၃၅ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းကြောင့် စားသုံးသူ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည်-

( - ) အပိုဒ် ၃၇ ခေါင်းစဉ်ကို အပိုဒ် ၃၆ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၆။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် အာမခံပေးထားသည့် ကာလအတွင်း စားသုံးသူ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကိုက်ညီမှုမရှိခြင်းများကို မသိဘဲ ဆိုသည့်စကားရပ်ကို ကိုက်ညီမှုမရှိခြင်းများကို သိရှိခြင်းမရှိဘဲ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၁ ကို အပိုဒ် ၄၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဤအခန်းအရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ တို့အရဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၈) အပိုဒ် ၄၂ ခေါင်းစဉ်ကို အပိုဒ် ၄၁ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို သိသာထင်ရှားစွာဖော်ပြရမည်-

( - ) အပိုဒ် ၄၄ ကို အပိုဒ် ၄၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကျန်ပုဒ်မခွဲ များကို ဆိုသည့်စကားရပ်ကို ကျန်ပုဒ်မခွဲများပါ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၉) အပိုဒ် ၄၅ ခေါင်းစဉ်ကို အပိုဒ် ၄၄ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် စားသုံးသူ၏ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေး နည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးမှူးရုံးသို့ သက်သေခံအထောက်အထားနှင့်အတူ တိုင်ကြားနိုင် သည်-

( - ) အပိုဒ် ၄၆ ခြေဆင်းကို အပိုဒ် ၄၅ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၄၅ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၄ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၇ ခြေဆင်းကို အပိုဒ် ၄၆ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ) အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဇ) အရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင် ကိုယ်စားလှယ်ကို ညှိနှိုင်းဖြေရှင်းနိုင်ရန် ခေါ်ယူခြင်း၊

( - ) အပိုဒ် ၄၇ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၄၆ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စီးပွားရေးလုပ်ငန်းရှင်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊ ဆိုသည့်စကားရပ်ကို စီးပွားရေး လုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၆ အပိုဒ်ခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင် ကိုယ်စားလှယ် ဆင့်ခေါ်ရာသို့ လာရောက်ခြင်းမရှိပါက တစ်ဖက်သတ် စစ်ဆေးဆုံးဖြတ်ခွင့်ရှိခြင်း၊

( - ) အပိုဒ် ၄၈ ကို အပိုဒ် ၄၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၇ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၆ ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၀ ကို အပိုဒ် ၄၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၉။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဇ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည့် တိုင်ကြားမှုများကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ပေးပို့၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

( - ) အပိုဒ် ၅၁ ကို အပိုဒ် ၅၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မမှန်ကန်သော သက်သေခံ အထောက်အထား ဆိုသည့်စကားရပ်ကို မမှန်သက်သေခံအထောက်အထား ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၂၀) အပိုဒ် ၅၃ ခြေဆင်းကို အပိုဒ် ၅၂ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၂၂ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၁ အရ ဟုလည်းကောင်း၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ အရ ဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၄ ကို အပိုဒ် ၅၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၃။ ကော်မတီသည် ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်နှင့် အခန်း(၂၄) ပါတားမြစ်ချက်များမှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် မည်သည့်စီးပွားရေး လုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်ကို ဖြစ်စေ ချမှတ်နိုင်သည်-

( - ) အပိုဒ် ၅၅ ကို အပိုဒ် ၅၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅၄ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၃ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၆ ကို အပိုဒ် ၅၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅၄ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၃ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၇ ကို အပိုဒ် ၅၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ) အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ) အရဟု ပြင်ဆင် ပါသည်။

( - ) အခန်း(၂၁) အပိုဒ် ၅၈ ကို အပိုဒ် ၅၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၇။ ပုဒ်မ ၅၂ အရ ဦးစီးမှူးရုံးက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာကော်မတီသို့လည်းကောင်း၊ ပုဒ်မ ၅၃ အရ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ပုဒ်မ ၅၈၊ ပုဒ်မခွဲ(က) အရချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ကော်မရှင်သို့လည်းကောင်း အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသီးသီး အယူခံဝင်ရောက်နိုင်သည်။

( - ) အပိုဒ် ၅၉ အပိုဒ်ခွဲ(က) ကို အပိုဒ် ၅၈ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၅၈ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၅၇ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၈ အပိုဒ်ခွဲ (ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၅၄ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၅၃ အရ ဟုလည်းကောင်း၊ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(က) အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၈၊ ပုဒ်မခွဲ(က) အရ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၉ အပိုဒ်ခွဲ(ဂ)ရှိ စီမံခန့်ခွဲမှု နည်းလမ်းအရ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၂၂) ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၂၃) ကို အခန်း(၂၂) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၂ ကို အပိုဒ် ၆၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၀။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့ တည်ထောင်ခြင်းသည် စားသုံးသူများကို ကာကွယ်ပေးမည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သာ ဖြစ်ရမည်။

( - ) အခန်း(၂၄) ကို အခန်း(၂၃) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၆ ခြေဆင်းကို အပိုဒ် ၆၄ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ မည်သူမဆို ဆိုသည့်စကားရပ်ကို မည်သူမျှဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၇ ခြေဆင်းကို အပိုဒ် ၆၅ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်း တွင် ပါရှိသော မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ဆိုသည့်စကားရပ်ကို စီးပွားရေး လုပ်ငန်းရှင် မည်သူမျှဟု ပြင်ဆင်ပြီး ယင်းဥပဒေကြမ်းရှိ မည်သည့်စီးပွားရေး လုပ်ငန်းရှင်မျှ ဆိုသည့်စကားရပ်ကို စီးပွားရေးလုပ်ငန်းရှင် မည်သူမျှဟု အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၁ အပိုဒ်ခွဲ(က) ကို အပိုဒ် ၆၉ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၄၂ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၁ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၂ ကို အပိုဒ် ၇၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၄ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၃ အရ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၂၅) ကို အခန်း(၂၄) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၃ ကို အပိုဒ် ၇၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅၄ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၅၃ ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၄ ကို အပိုဒ် ၇၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၆၆ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၆၄ ပါဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၅ ကို အပိုဒ် ၇၃ အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ မည်သည့်စီးပွားရေး လုပ်ငန်းရှင်မဆို ပုဒ်မ ၆၇ နှင့် ၆၈ ပါ ဆိုသည့်စကားရပ်ကို စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၅ နှင့် ၆၆ ပါ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ) ရှိ ပုဒ်မ ၆၇ နှင့် ၆၈ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၆၅ နှင့် ၆၆ ပါဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၆ ကို အပိုဒ် ၇၄ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ မည်သည့်စီးပွားရေး လုပ်ငန်းရှင်မဆိုပုဒ်မ ၆၉ ပါ ဆိုသည့်စကားရပ်ကို စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၇ ပါ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၆၉ ပါဆိုသည့်စကားရပ်ကို ပုဒ်မ ၆၇ ပါ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၇ ကို အပိုဒ် ၇၅ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ မည်သည့်စီးပွားရေး လုပ်ငန်းရှင်မဆို ပုဒ်မ ၇၀ ပါ ဆိုသည့်စကားရပ်ကို စီးပွားရေးလုပ်ငန်းရှင်

မည်သူမဆို ပုဒ်မ ၆၈ ပါ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၇၀ ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၆၈ ပါ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၈ ကို အပိုဒ် ၇၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မည်သည့်စီးပွားရေး လုပ်ငန်းရှင်မဆို ပုဒ်မ ၇၁ နှင့် ၇၂ ပါ ဆိုသည့်စကားရပ်ကို စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၉ နှင့် ၇၀ ပါဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၉ ကို အပိုဒ် ၇၇ အဖြစ် ပြင်ဆင်ပြီး အခန်း(၂၅) အထွေထွေခန်းသို့ ပို့ပြီး ပြောင်းလဲပြင်ဆင်ပါသည်။

( - ) အခန်း(၂၆) ကို အခန်း(၂၅) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၈၀ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၇၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇၈။ အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ သို့ရာ တွင် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်နိုင်သော ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဖြေရှင်းဆုံးဖြတ်ခွင့် မရှိစေရ။

( - ) အပိုဒ် ၈၆ ခြေဆင်းကို အပိုဒ် ၈၄ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ အကောင်အထည်ဖော်ဆောင်ရာတွင် ဆိုသည့်စကားရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က)ရှိ နည်းဥပဒေများဆိုသည့် စကားရပ်ကို နည်းဥပဒေဟုလည်းကောင်း ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ (၃၀.၇.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung U Oo Tun Win




U Kyaw Linn U Pe Than




U Kyaw Linn U Nay Myo Htet




U Kyaw Linn U Khin Maung Myint




U Kyaw Linn U Zarni Minn




U Kyaw Linn U Win Min

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်